စိတ်ကူးချိုချိုအနုပညာ



# ရာပြည့်သမိုင်းဒေဝီ

သမိုင်းပညာရှင် စာရေးဆရာမကြီး မကြြန် အသက် ၁၀၀ ပြည့်မွေးနေ့ အမှတ်တရစာများ

ဆရာမကြီးသည် သမိုင်းပညာရှင် ဖြစ်သော်လည်း အကြောင်းအားလျော်စွာ မြန်မာစာအဖွဲ့ဝင် ဖြစ်နေသည်။ မြန်မာဝေါဟာရများကို အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင် သမိုင်းဆိုင်ရာ အချက်အလက်များနှင့် သက်ဆိုင်သည့်အခါတိုင်း ဆရာမကြီးက အထောက်အထားခိုင်ခိုင်မာမာဖြင့် ရှင်းလင်း ဆွေးနွေးပါသည်။ ရှေးရာဇဝင်ကျမ်းများမှ ဝေါဟာရများ၏ အဓိပ္ပာယ်ကိုလည်း ရှင်းလင်းဖွင့်ဆိုပြပါသည်။ ဆရာမကြီး၏ သမိုင်းဆိုင်ရာ အယူအဆများ၊ ပြောဆိုဆွေးနွေးချက်များမှာ မြန်မာစာအဖွဲ့လုပ်ငန်းများအတွက် များစွာ အထောက်အကူ ဖြစ်သည့်အတွက် အခြားပညာရှင်များက သမိုင်းနှင့်ပတ်သက်လာလျှင် ဆရာမကြီးကို အားကိုးကြရပါသည်။

မောင်ခင်မင်(ဓနုဖြူ)

ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦး၊ အသက်ထင်ရှားရှိစဉ် သူ၏ ရာပြည့်အထိမ်းအမှတ် ကျင်းပသည် ဆိုသည်မှာ အလွန်ရှားပါသည်။ ကျွန်တော်တို့ လေးစားသော ဆရာမကြီးဒေါ်ကြန် သက်ရှိထင်ရှားရှိစဉ် ယခုကဲ့သို့ အထိမ်းအမှတ်အဖြစ် ပြုလုပ်နိုင်ခြင်းမှာ အလွန်အံ့ဩဂုဏ်ယူဝမ်းမြောက်ဖွယ်ရာပင် ဖြစ်ပါသည်။

မောင်သန်းဆွေ(ထားဝယ်)

ဒေါက်တာသန်းထွန်း မကြာခဏ ပြောလေ့ရှိသည်မှာ ဒေါ်ကြန်တို့၊ ဒေါက်တာရီရီတို့လို သမိုင်းသုတေသီမျိုး သူ့တစ်သက်မှာ ထပ်တွေ့ဖို့မရှိတော့၊ သူတို့လို ဇွဲလုံ့လနှင့် ကြိုးစားလေ့လာနိုင်၊ ဖတ်ကြားနိုင်၊ ရေးသားနိုင်တဲ့ သမိုင်းပညာရှင်များ ထပ်မံမပေါ်ထွန်းနိုင်တော့ဟု ဆရာက ပြောခဲ့ပါသည်။

ဇည်သူဦးသော်ကောင်း

ဆရာမကြီးက သမိုင်းကို စိတ်ဝင်စားအောင်မရေးရန်၊ သင်ကြားပေးရန် သမိုင်းဆရာများတွင် တာဝန်ရှိကြောင်း၊ စိတ်ဝင်စားအောင်ရေးရမည် ဆိုသော်လည်း ဒဏ္ဍာရီများနှင့် ရောထွေးရေးလျှင် သမိုင်းမဟုတ်ကြောင်း၊ မမှန်တော့ကြောင်း၊ သမိုင်းရေးဆရာနှင့် ဝတ္ထုရေးဆရာ မတူကြောင်း သမိုင်းရေးဆရာသည် ဝတ္ထုရေးဆရာကဲ့သို့ မလွတ်လပ်ကြောင်း၊ စိတ်ဝင်စားအောင် ရေးရမည် ဆိုသော်လည်း သမိုင်းကို လွမ်းအောင် ရေး၍မရကြောင်း၊ ရယ်ရအောင်လည်း ဟာသမနှော နိုင်ကြောင်း၊ ဇာတ်ကွက်ဇာတ်လမ်း ဆင်၍မရ၊ အရောင်ဆိုး၍လည်း မရကြောင်း၊ စေတနာပို၍လည်းမဖြစ်၊ မုန်းလို့သနားလို့လည်း မရကြောင်း၊ အထောက်အထား အချက်အလက်ပေါ်မှာ မူတည်ပြီး ရေးရကြောင်း၊ ၎င်းစည်းကမ်းချက်များကို မသွေမဖည်ဘဲ သမိုင်းကို အိပ်မပျော်အောင်၊ သမိုင်းကို ဖတ်ပျော်အောင်ရေးရန် ကြိုးစားရမည်ဖြစ်ကြောင်း မိန့်ဆိုခဲ့သည်မှာ သမိုင်းသင်ကြားသူများရော၊ သမိုင်းရေးသူများအတွက်ပါ အလွန်အကျိုးရှိသော လမ်းညွှန်အမှာစကားများ ဖြစ်ပါသည်။

ဒေါက်တာကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)

# ရာပြည့်သမိုင်းဒေဝီ

သမိုင်းပညာရှင် စာရေးဆရာမကြီး မကြန်
အသက် ၁၀၀ ပြည့်မွေးနေ့ အမှတ်တရစာများ

1 ISBN 9789997110565
HIS27
9 789997 110565
3,000.00KS

mgyoe.com

ရာပြည့်သမိုင်းဒေဝီ၊ အောင်မိုးသောင်းနှင့်အခြား
မျက်နှာဖုံးနှင့်အတွင်းပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၂၃၆ မျက်နှာ၊ ၁၄ ⋅ ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၈၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၃ ၀ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ရာပြည့်သမိုင်းဒေဝီ



ဆရာမကြီးမကြန် အသက် ၁၀၀ ပြည့်မွေးနေ့အမှတ်တရ

ပထမအကြိမ် ၂၀၁၈

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# မာတိကာ

၁။ သမိုင်းပညာရှင် စာရေးဆရာ စည်သူမကြန်(ဒေါ်ကြန်)၏
ဘဝနှင့်စာပေ အမှတ်တရ ဖြစ်စဉ်များ ၃
**- အောင်မိုးဆောင်း**

## ရာပြည့်သမိုင်းဒေဝီ

၂။ မကြန် (ဒေါ်ကြန်) နှစ်တစ်ရာပြည့် မွေးနေ့ကို ကြိုဆိုပါ၏။ ၇
**- ဒေါက်တာ ခင်မောင်ညွန့်**
၃။ ဆရာမကြီးဒေါ်ကြန် 'မအိုသေးပါ' ၁၂
**- မောင်ခင်မင် -ဓနုဖြူ**
၄။ ကျွန်တော်နှင့် ဒေါ်ကြန်၏ မဒရပ်ပါ အပျိုတော်များ ၁၇
**- မောင်သန်းဆွေ- ထားဝယ်**
၅။ ဆရာမဒေါ်ကြန်နှင့် ကျွန်တော်တို့မိသားစု ၂၅
**- စည်သူဒေါက်တာသော်ကောင်း**
၆။ ရာပြည့်သမိုင်းပညာရှင်ကြီး ဒေါ်ကြန်နှင့် သမိုင်းရှာပုံတော်ခရီး ၃၂
**- ဒေါက်တာကျော်ဝင်း - ရန်ကုန်တက္ကသိုလ်**
၇။ ရခိုင်တိုင်းရင်းသူ မြန်မာသမိုင်းပညာရှင် ၃၇
**- ကျော်ငြိမ်း**
၈။ ဘွားသက်ရှည် ဆရာမကြီး ဒေါ်ကြန် ၄၀
**- ဒေါက်တာ ထွန်းတင့်**

mgyoe.com

mgyoe.com

၉။ သံတွဲသူ သမိုင်းဒေဝီနှစ်ဦး ၄၄
- ထွန်းလွင် - မိတ္ထီလာ
၁၀။ ခရီးသွားစာပေ၊ ဒေသအခေါ်အဝေါ်နဲ့ သမိုင်းပညာရှင် ဒေါ်ကြန် ၄၉
- ဒေါက်တာ စိန်မြင့်
၁၁။ သမိုင်းတစ်ခေတ် ထွန်းတောက်စေခဲ့သူများမှ ဆရာမကြီး ဒေါ်ကြန်
- ဒေါက်တာ ထွန်းထွန်းဦး - သမိုင်း
၁၂။ ရာပြည့်သမိုင်းဒေဝီ ၅၈
- ဦးအေးချို (မဟာဝိဇ္ဇာ)
၁၃။ သမိုင်းခြုံလွှာထဲက လူသား ၇၀
- သူရဇော်
၁၄။ သမိုင်းမှာကျန်သင့်မယ့် ဒေါ်ကြန် ရာပြည့်နှစ် ဂုဏ်ပြုစာ၊
ဒေါ်ကြန်၏ သမိုင်းရှာပုံတော်လမ်းကြောင်း ၇၆
- မြင့်ကြိုင်
၁၅။ မမကြန် ၈၃
- ခင်နှင်းဦး
၁၆။ ကျွန်မသိသော မမကြန် ၉၂
- အဝင်း
၁၇။ ကျန်ခဲ့သူ "မကြန်" ၉၉
- ဒီဇင်ဘာမွန်း

## ရာပြည့်သမိုင်းဒေဝီ၏စာအုပ်များမှ အမှာစာများ

၁၈။ "သမိုင်းရှာပုံတော်ခရီး"စာအုပ်အမှာစာ
- တိုက်စိုး ၁၀၈
၁၉။ ဆရာမ ဒေါ်ကြန်၏ "မြန်မာ့သမိုင်းနှင့် ဆက်နွယ်သော
အနောက်နိုင်ငံသားများ" စာအုပ် အမှာစာ
- မောင်ဆုရှင် ၁၁၄
၂၀။ ကျမ်းသုတေသနပြုခြင်းစာအုပ်မှ - စကားဦး ၁၂၂
- မောင်ဆုရှင်

mgyoe.com

mgyoe.com

## အမျိုးသားစာပေဆုရစာအုပ်များအပေါ် ဆုရွေးချယ်ရေးအဖွဲ့ငယ်များ၏ သုံးသပ်ချက်


၂၁။ မြန်မာနိုင်ငံ အခြေအနေ (၁၈၈၅-၈၆)
သုတပဒေသာ (ဝိဇ္ဇာ) အဖွဲ့ငယ်၏မှတ်ချက် ၁၂၆
၂၂။ သမိုင်းရှာပုံတော်ခရီးနှင့် အခြားစာတမ်းများ
သုတပဒေသာ (ဝိဇ္ဇာ) အဖွဲ့ငယ်၏မှတ်ချက် ၁၂၇
၂၃။ မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေး (၁၈၈၆-၉၇)
သုတပဒေသာ (ဝိဇ္ဇာ) အဖွဲ့ငယ်၏မှတ်ချက် ၁၂၈
၂၄။ ကိုလိုနီခေတ်ဦး ကျေးရွာအုပ်ချုပ်ရေး (၁၈၈၆-၉၇)
သုတပဒေသာ (ဝိဇ္ဇာ) အဖွဲ့ငယ်၏မှတ်ချက် ၁၂၉
၂၅။ ကုန်းဘောင်ခေတ် အခွန်တော်ရေးရာ
သုတပဒေသာ (ဝိဇ္ဇာ) အဖွဲ့ငယ်၏မှတ်ချက် ၁၃၀


## ရာပြည့်ခရီးမှ သမိုင်းဒေဝီ၏ စာလက်ရာများ


၂၆။ လက်ရေးမူ Scan ၁၃၄
၂၇။ ရခိုင်ပြည်ရာဇဝင်အသင်း သတင်းစာ (၁၉၂၉) ၁၃၉
၂၈။ ပိဋကတ်တိုက်စိုး ၁၄၅
၂၉။ တစ်နှယ်ငင် တစ်စင်တွယ်ရသည့် သံယောဇဉ်များ ၁၅၀
၃၀။ မောင်ဆုရှင် ၁၆၂
၃၁။ ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးအမည်များ ၁၇၃
၃၂။ သူငယ်တော်နှင့် သူငယ်တော်သေနတ် ၁၈၁
၃၃။ သီပေါမင်းလက်ထက် စစ်ဝတ်အကျႌ ၁၈၉
၃၄။ ကုန်းဘောင်ခေတ် မြန်မာ့လက်နက်ကိုင်တပ်ဖွဲ့များ ၁၉၄
၃၅။ ရတနာပုံခေတ် သေနတ်စွဲရဲမက်တော်များ ၁၉၉
၃၆။ လေ့တပ်မှသည် ရေတပ်သို့ ၂၀၅
၃၇။ သမိုင်းရှာပုံတော်ခရီး ၂၁၁

- ရာပြည့်ခရီးဓာတ်ပုံမှတ်တမ်းများ ၂၂၄


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

စီစဉ်သူများမှ

သက်ရှိထင်ရှားဖြင့် အသက် ၁၀၀ ပြည့်မွေးနေ့ကို ကိုယ်တိုင်ပါဝင် ကျင်းပနိုင်သူ မရှိသလောက် ရှားပါးပါလိမ့်မည်။ မြန်မာစာရေးဆရာများ၊ မြန်မာသမိုင်းသုတေသနပညာရှင်များထဲတွင် ပို၍ရှားပါးပါလိမ့်မည်။ မိမိတို့သိမှီသမျှ အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီ၏ ဇနီး စာရေးဆရာမကြီး ဒေါ်စောရင် တစ်ယောက်သာ အသက်ရာကျော်ရှည်ခဲ့သည် ထင်ပါသည်။

သို့သော် ယခုလည်း သမိုင်းသုတေသနပညာရှင်၊ စာပေပညာရှင် ဆရာမကြီးဒေါ်ကြန်က အသက် ၁၀၀ ပြည့်ခရီးကို ရောက်ရှိနိုင်ခဲ့ပြီး ကိုယ်တိုင်လည်း မွေးနေ့မင်္ဂလာ လာရောက်ဆင်နွှဲနိုင်မည်ဖြစ်ရာ ဝမ်းမြောက်ဖွယ်သတင်းဖြစ်ပါသည်။ ရှားရှားပါးပါး ထူးထူးခြားခြားလည်း ရှိလှပါသည်။ သို့အတွက် ထိုရာပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ဆရာမကြီး၏ ပညာဂုဏ်၊ လုံ့လဂုဏ်တို့ကို လေးစားကြည်ညိုရသူများက ဤ အမှတ်တရစာအုပ်ကို စီစဉ်ထုတ်ဝေ ပူဇော်လိုက်ရပါသည်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



ရုပ်ပြည့်ကာလ ဆရာမကြီး မကြန်

mgyoe.com

mgyoe.com




ဆရာမကြီး လက်တလောရေးသားသော ရာပြည့်ကာလ အမှတ်တရလက်ရေး

mgyoe.com

mgyoe.com


## သမိုင်းပညာရှင် စာရေးဆရာ စည်သူမကြန်(ဒေါ်ကြန်)၏
## ဘဝနှင့်စာပေ အမှတ်တရ ဖြစ်စဉ်များ

➤➤➤ အောင်မိုးဆောင်း

၁၉၁၈ – ဇူလိုင် ၁ ရက် (တနင်္လာနေ့) တွင် ရခိုင်ပြည်နယ်၊ သံတွဲမြို့တွင် အဘ ဦးကျော်ထွန်း + အမိ ဒေါ်ငွေနှစ် တို့မှ မွေးဖွား။

၁၉၃၅ – သံတွဲမြို့ အစိုးရဟိုက်စကူးကျောင်းမှ ဟိုက်စကူးဖိုင်နယ်ခေါ် ဆယ်တန်းကို (က) အဆင့်မှ အောင်မြင်၊ ယင်းကျောင်းတွင်ပင် အလယ်တန်းဆရာမအဖြစ် ခေတ္တဝင်ရောက်ဆောင်ရွက်၊

– ထိုစဉ်က ရခိုင်တိုင်း (ယနေ့ရခိုင်ပြည်နယ်၊ စာတိုက်ဌာန (သံတွဲနှင့်စစ်တွေမြို့များ)တွင် အထက်တန်းစာရေးအဖြစ် အမှုထမ်းဆောင်။

၁၉၅၁ – ရန်ကုန်တက္ကသိုလ်တက်ရောက်ပြီး ပညာဆက်လက်ဆည်းပူး (စာတိုက်စာရေးရာထူးမှ နုတ်ထွက်ခဲ့)

၁၉၅၄ – အထူးတန်းအခွင့်အရေး ရရှိသဖြင့် ရန်ကုန်တက္ကသိုလ်၏ ဝိဇ္ဇာ(ဘီအေ) ဘွဲ့ကို သုံးနှစ်အတွင်းအောင်မြင်ရရှိ။

၁၉၅၆ – မြန်မာသမိုင်းကော်မရှင် (ယခုသမိုင်းသုတေသနဌာန) တွင် ကျမ်းပြုအရာရှိရာထူးဖြင့် စတင်ထမ်းဆောင်။

၁၉၅၉ – မဟာဝိဇ္ဇာဘွဲ့(သမိုင်းအထူးပြု) ရရှိအောင်မြင်။

– ရန်ကုန်တက္ကသိုလ်၊ အင်္ဂလိပ်စာဌာနတွင် နည်းပြဆရာမအဖြစ် ၂ နှစ်ထမ်းဆောင်၊ (၁၉၅၇ နှင့် ၁၉၅၉ ခုနှစ်၊ နှစ်များတွင် မြန်မာ့သမိုင်း

mgyoe.com

mgyoe.com


အထောက်အထားများ ကူးယူစုဆောင်းရေး စီမံကိန်းအရ အင်္ဂလန်နိုင်ငံသို့ သွားရောက်အမှုထမ်း၊ လေ့လာနိုင်ခဲ့)။

၁၉၆၃ – သမိုင်းသုတေသနဌာနတွင် အကြီးတန်းသုတေသနရာထူးဘ၀။

၁၉၇၇ – Cultural Award Scheme ဖြင့် ဩစတြေးလျနိုင်ငံရှိ မြို့ကြီးများသို့ သွားရောက်လေ့လာခဲ့။

၁၉၇၈ – အငြိမ်းစားယူ (သက်ပြည့်ပင်စင်)၊

– သမိုင်းသုတေသနဌာနတွင် **အကြံပေး** ပုဂ္ဂိုလ်အဖြစ် ၄ နှစ်မျှ ဆက်လက်ထမ်းဆောင်။

၁၉၈၆– ၁၉၉၁ – အမှတ် (၁) စက်မှုဝန်ကြီးဌာနတွင် 'မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်း'– အတွဲများ ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် အကြံပေးပညာရှင် (ပုဂ္ဂိုလ်) အဖြစ် ပါဝင်ရေးသားပြုစု ထမ်းဆောင်ခဲ့။

၁၉၉၁ – ပညာရေးဝန်ကြီးဌာန၏ မြန်မာစာအဖွဲ့ဝင် (အချိန်ပြည့်တာဝန်) အဖြစ် ယနေ့အထိ ပါဝင်ထမ်းဆောင်လျက်ရှိ။

၁၉၉၃ – အမျိုးသားညီလာခံ ကိုယ်စားလှယ်ဘဝကာလများ။

**(သမိုင်းသုတေသနစာတမ်းများ၊ ဆောင်းပါးများ၊ စာအုပ်များစွာကို ရေးသား၊ စီစဉ်ပြုစု၊ တည်းဖြတ်ခြင်းများကြောင့် အောက်ဖော်ပြပါစာပေဆု၊ ဂုဏ်ယူအားကျဖွယ်ရာ ထူးချွန်ဆုများစွာ)**

၁၉၇၈ – မြန်မာနိုင်ငံအခြေအနေ (၁၈၈၅–၈၆) စာအုပ်ဖြင့် အမျိုးသားစာပေ (သုတဝိဇ္ဇာ)ဆုရရှိ။

၂၀၀၂ – သမိုင်းရာပုံတော်ခရီးနှင့် အခြားစာတမ်းများ– စာအုပ်ဖြင့် အမျိုးသားစာပေ(သုတဝိဇ္ဇာ)ဆုရရှိ။

၂၀၀၃ – မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေး (၁၈၈၆–၉၇) စာအုပ်ဖြင့် အမျိုးသားစာပေ(သုတဝိဇ္ဇာ)ဆုရရှိ။

၂၀၀၄ – ပခုက္ကူဦးအုန်းဖေ တစ်သက်တာစာပေဆုရရှိ။

၂၀၀၅ – ကိုလိုနီခေတ်ဦး ကျေးရွာအုပ်ချုပ်ရေး (၁၈၈၆–၉၇) စာအုပ်ဖြင့် အမျိုးသားစာပေ(သုတဝိဇ္ဇာ)ဆုရရှိ။

၂၀၀၆ – ဝိဇ္ဇာပညာထူးချွန်ဆု (ပထမဆင့်) ရရှိ။

၂၀၀၇ – ၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၇ (၂၃–

mgyoe.com

mgyoe.com


၁၂–၂၀၀၇) တွင်ရရှိ။

- Selected Writing of Daw Kyan (Bilingual) စာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်းစာပေဆုရရှိ။
- (၂၀၀၃၊ ၂၀၀၅၊ ၂၀၀၇ ခုနှစ်များ၏ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားများတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ချီးမြှင့်သော **ထူးချွန်အမျိုးသမီးဆု**များရရှိ။)

၂၀၀၉ – ကုန်းဘောင်ခေတ် အခွန်တော်ရေးရာ စာအုပ်ဖြင့် အမျိုးသားစာပေဆုရရှိ။

၂၀၁၂ – နိုင်ငံတော်သမ္မတကြီးထံမှ စည်သူဘွဲ့တံဆိပ်ရရှိ။ (၄–၁–၂၀၁၂ ရက်စွဲဖြင့်ပေးအပ်ခဲ့ခြင်း)

သမိုင်းပညာရှင် စာရေးဆရာမကြီး မကြန်သည် မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်၊ စာပေနှင့်လူမှုရေးသိပ္ပံဂျာနယ်၊ သမိုင်းတံခွန်၊ သမိုင်းဂျာနယ်၊ သမိုင်းသုတေသနစာစောင်၊ ယဉ်ကျေးမှုစာစောင်/မဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း အပါအဝင် စာစောင်၊ မဂ္ဂဇင်း၊ ဂျာနယ်များတွင် အကြောင်းအားလျော်စွာ သုတေသနစာတမ်း၊ ဆောင်းပါးများ ရေးသားပြုစုခြင်း၊ စာအုပ်စာမူတည်းဖြတ်ခြင်း၊ လုံးချင်းစာအုပ်(သီးသန့်) ရေးသားထုတ်ဝေခြင်းများစွာ ပြုနိုင်ခဲ့သူ...။

ထို့အပြင် အမျိုးသားစာပေ စိစစ်ရွေးချယ်ရေး ကော်မတီဝင်၊ စာပေဗိမာန်အဖွဲ့၏ ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့ဝင် (မြန်မာ့စွယ်စုံကျမ်းနှင့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များအပါအဝင်)၊ ထွန်းဖောင်ဒေးရှင်း အဘိဓာန်အဖွဲ့ဝင်နှင့် စာပေဆုကော်မတီဝင်အဖြစ် ထမ်းဆောင်ခဲ့။

အဓိကကား – မြန်မာစာအဖွဲ့ (အချိန်ပြည့်အဖွဲ့ဝင်) အဖြစ် မြန်မာ/အင်္ဂလိပ် အဘိဓာန်နှင့်စာအုပ်များ ပုံနှိပ်ထုတ်ဝေနိုင်ရေးတွင်လည်း သက်တမ်းရှည်ပညာရှင်ဆရာမ အပျိုကြီးတစ်ဦးအဖြစ် ယခုနှစ်၏ အသက် ၁၀၀ (ရာပြည့်) ကာလမှာ **'ရာပြည့် သမိုင်းဒေဝီ'** ပီသသူသာမကဘဲ ထူးချွန်ထင်ရှား လေးစားကြည်ညိုသူတစ်ယောက်အလား ဂုဏ်ယူစွာ ရေးသားအပ်ပါကြောင်း။ ။ ❑

ကိုးကားချက် ။ ။ မြန်မာနိုင်ငံစာပေဆုများ (၁၉၇၁-၇၉)၊ စာပေဗိမာန်ပြည်သူ့လက်စွဲစာစဉ်၊ ၁၉၈၀ ပြည့်နှစ်၊ စာ ၈၆-၈၇ နှင့် မိမိ၏ကိုယ်ပိုင်မှတ်စု။

mgyoe.com

mgyoe.com

# ရာပြည့်သမိုင်းဒေဝီ

mgyoe.com

mgyoe.com

## မကြန် (ဒေါ်ကြန်) နှစ်တစ်ရာပြည့် မွေးနေ့ကို ကြိုဆိုပါ၏။
## Anticipateng Centinary Birthday of Ma Kyan

▶▶▶ မဟာသဒ္ဓမ္မ ဇောတိက ဓဇ စည်သူ ဒေါက်တာခင်မောင်ညွန့်

လုပ်ဖော်ကိုင်ဖက်လည်းဖြစ်၊ တပည့်လည်း တော်ခဲ့သည့်အပြင်၊ အမှုထမ်းအနေနှင့် နှစ်ပေါင်းများစွာကြာ ဆောင်ရွက်ပြီး ပင်စင်အနားယူပြီးသော အခါတွင်လည်း ယနေ့အထိ အဖွဲ့အစည်း အသီးသီးတွင် အကျိုးဆောင်ရွက်နေသူ မကြန် (ဒေါ်ကြန်) ယခု အသက် ၉၉ ကျော်ပြီး ၁၀၀ သက်တမ်းပြည့်ဖို့ လပိုင်းသာလိုတော့သည်ဟု စာဆေဗိမာန် တင်တင်ဝင်းက သတင်းပေးပါသည်။ အထိမ်းအမှတ်စာစောင် ထုတ်ပါမည်။ ဆရာကြီးကတစ်စောင်ရေးပါဟု ၉–၆–၂၀၁၈ နေ့က ဒေါက်တာတင်ထွန်းဦးတို့ ဇနီးမောင်နှံ၏ သုတစွယ်စုံ စာပေဆုချီးမြှင့်ပွဲတွင် တင်တင်ဝင်းက ထပ်၍ သတိပေးပြန်ရာ နောက်နေ့ ယခု ၁၀–၆–၂၀၁၈ နံနက်တွင် ဤဆောင်းပါးကို ရေးချလိုက်ပါသည်။

အချိန်ကား လွန်ခဲ့သော နှစ်ပေါင်း ၅၄ နှစ်က ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ် ခေတ်သစ်သမိုင်းနှင့် နိုင်ငံရေးသိပ္ပံဌာန (Department of Modern History and Political Science)သို့ အင်္ဂလိပ်စာဌာနမှ ပါမောက္ခ ဦးမျိုးမင်းက ပါမောက္ခ ဦးဘညွန့်ထံသို့ လွှဲပေးလိုက်သောနည်းပြ မကြန်နှင့် ခင်မောင်ညွန့်တို့ ရောက်လာကြပါသည်။ တက်လမ်းပိုများသော ဌာနသို့ ပြောင်းပေးခြင်း ဖြစ်ပါသည်။

စာရေးသူသည် ထိုဌာနတွင် စာသင်နည်းပြ (Lecturing tutor) အဖြစ် ဆောင်ရွက်စဉ် နိုင်ငံရေးသိပ္ပံ (Political Sience) အတန်းတွင် မကြန်လာတက်ပါသည်။

mgyoe.com

mgyoe.com


စာရေးသူထက် အသက် ၁၀ နှစ်ကြီးပြီး ဝါရင့်သမ္မာရင့် အမျိုးသမီး မကြန်ရောက်လာသောကြောင့် အားနာရုံသာမက ပညာအရာတွင် မိမိထက် ဝါကြီးသောကြောင့် ဖြုံနေမိသည်။

တက္ကသိုလ်သို့ ပြန်မလာမီက မကြန်သည် တောင်ကုတ်မြို့တွင် စာတိုက်အမှုထမ်းခဲ့သည်။ သူပြောပြချက်အရ တစ်နေ့ညနေတွင် စာတိုက်ကို သူပုန်ဝင်စီးပြီး စာတိုက်က ငွေတွေယူကြရာ မကြန်က သတ္တိရှိရှိနှင့် ရှင်တို့က လက်နက်အားကိုးနှင့်ယူတော့ ကျွန်မ မိန်းမသား မခုခံနိုင်ပါဘူး။ သို့ပေမဲ့ ငွေတွေ ရှင်တို့ယူကြောင်း စာရေးလက်မှတ်ထိုးပေးထားခဲ့ပါ။ ကျွန်မတို့ ဝန်ထမ်းအနေနှင့် စာတိုက်ငွေတွေ အလွဲသုံးစားမပြုကြောင်း သက်သေပြဖို့ ဖြစ်ပါတယ်ဟု ရဲရဲဝံ့ဝံ့ပြောတော့ သူပုန်တွေကလည်း သူတို့ယူကြောင်း လက်မှတ်ထိုးပေးထားခဲ့ပါသည်။ ဒေါ်ကြန်ကိုလည်း ချီးကျူးရ၊ သူပုန်တွေကိုလည်း ချီးကျူးရပါမည်။ နှစ်ဦးနှစ်ဖက် ကိုယ်ကျင့်သိက္ခာ ထိန်းကြပါသည်။

သို့နှင့် သူအရွယ်ရလာမှ တက္ကသိုလ် ပြန်ရောက်လာပါသည်။ သူနှင့်အဖော်ဆရာမတစ်ဦးကတော့ ဆရာဦးမျိုးမင်း၏ ဇနီးဖြစ်ပါသည်။ သူသည်လည်း တက်လမ်းရှိမည့် သမိုင်းဌာနသို့ ပြောင်းလာပါသည်။ နိုင်ငံခြားမှ ဦးကျော်သက် ဒေါက်တာဘွဲ့ရပြီး ပြန်ရောက်လာသောအခါ အရှေ့ဖျားနိုင်ငံများ သမိုင်းဌာနဖွင့်ပြီး ပါမောက္ခဖြစ်လာရာ သူ့ဌာနအတွက် ဆရာဆရာမများကို စုစည်းရာတွင် မကြန်နှင့် ဒေါ်ခင်သင်းနွဲ့ (ဦးမျိုးမင်းဇနီး) လည်း ပါသွားသည်။

သည့်နောက်ပိုင်း နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက မြန်မာ့သမိုင်းကော်မရှင်ဖွဲ့ပြီး မစ္စတာလုဗ်နှင့် ဆရာကြီး ဦးဖေမောင်တင်တို့အား မြန်မာ့သမိုင်း သုတေသန ကျမ်းပြုရေးနှင့် သမိုင်းသုတေသီ မွေးထုတ်ရေး တာဝန်ပေးပါသည်။ ထိုအဖွဲ့သို့ မကြန်ရောက်သွားပါသည်။ သည့်နောက် ဆရာဦးဘညွန့်ဌာန Modern History and Political Science က State Scholarship နှင့် လန်ဒန်တက္ကသိုလ် အရှေ့ပိုင်းနှင့် အာဖရိကသမိုင်း ယဉ်ကျေးမှုကောလိပ် School of Oriental and Africa Studies SOAS မှ ဒေါက်တာဘွဲ့ရသော ဒေါက်တာရီရီ ပြန်ရောက်လာသောအခါ သူသည်လည်း သမိုင်းကော်မရှင်သို့ ရောက်သွားပါသည်။ ဒေါက်တာရီရီမှာ မကြန်ထက်များစွာ အသက်ငယ်ပါသည်။ နှစ်ဦးစလုံးမှာ အိမ်ထောင်မရှိ အပျိုကြီးများဖြစ်၍ "သမိုင်းကော်မရှင်က အပျိုကြီးနှစ်ယောက်"ဟု နာမည်ကြီးလာသည်။

mgyoe.com

mgyoe.com

စာရေးသူသည်လည်း နိုင်ငံတော် ပေးသမျှတာဝန်ကိုယူ၊ ပို့သောဌာနဒေသများ သို့လည်း မညည်းမညူ သွားရောက် ထမ်းဆောင်လာခဲ့ရာ မော်လမြိုင်ကောလိပ်တွင် သမိုင်းဌာန၊ ကထိက ဌာနမှူးအဖြစ် အမှုထမ်းနေစဉ် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ရာထူးအဆင့်တွေ ခုန်ပျံကျော်လွှားပြီး ခန့်လိုက်ရာ တအံ့တသြ မဝံ့မရဲနှင့် ယင်းဌာနသို့ရောက်ကာ အမှုထမ်းရပါသည်။

ခြောက်လမျှကြာသောအခါ ဒေါက်တာရီရီနှင့် ဒေါ်ကြန်တို့ အမှုထမ်းနေသော အသစ်ဖွဲ့လိုက်သည့် နိုင်ငံသမိုင်းသုတေသနဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးသိန်း ဟန် (ဇော်ဂျီ) အငြိမ်းစား ယူသွားပါသည်။ ထိုနေရာကို စာရေးသူအား ထပ်ဆင့်တာဝန် ပေးသော အမိန့်ထုတ်ပါသည်။ ထို့ကြောင့် စာရေးသူသည် အနုပညာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်နှင့် နိုင်ငံသမိုင်း သုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် တာဝန်နှစ်ရပ်ကို ထမ်းဆောင်ရပြန်ပါသည်။ သို့သော် လစာကို တစ်ခုသာပေးပြီး ကားဟောင်းတစ်စီး၊ ဖုန်းတစ်လုံးရသည်။ အဓိပတိလမ်း၊ ၃၃ တက္ကသိုလ်အိမ်တွင် ဆက်နေခွင့်မရသောကြောင့် ပြည်ထောင်စုရိပ်သာ တိုက်ခန်းသို့ ပြောင်းလာခဲ့ရပါ သည်။ အနုပညာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ရုံးနှင့် နိုင်ငံသမိုင်းသုတေသန ဦးစီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်ရုံးတို့သည် တစ်ဝန်းတစ်ဝိုင်းတွင်ရှိ၍ အဆင်ပြေလှ ပါသည်။ နံနက်မှ နေ့ ၁ နာရီအထိ အနုပညာဦးစီးဌာန လုပ်ငန်းများကို မြို့တွင်း ပန်းဆိုးတန်းလမ်းရှိ ဝန်ကြီးရုံးနှင့် မြို့မကျောင်းလမ်းရှိ ယဉ်ကျေးမှု လဟာပြင်ဇာတ်ရုံ တွင်လည်းကောင်း၊ နေ့စဉ် ၁ နာရီမှ ၅ နာရီအထိ မိမိရုံး သို့မဟုတ် သမိုင်းသုတေသန ရုံးတွင် ယင်းဌာန၏ လုပ်ငန်းများကိုလည်းကောင်း ကျေပွန်စွာ ထမ်းဆောင်ခဲ့ပါသည်။

အပျိုကြီးနှစ်ဦး ဒေါ်ကြန်နှင့် ဒေါက်တာရီရီတို့၏ အထူးကျေးဇူးကို ဖော်ပြရပါ မည်။ အနုပညာဦးစီးဌာနသည် ဇာတ်သဘင်၊ ရုပ်ရှင်၊ အငြိမ့်၊ ရုပ်သေးစသော သုခုမ ပညာရှင်များစွာနှင့် ဆက်သွယ်ရပါသည်။ ရုပ်ရှင်ဆိုတာ ရင်ရှုပ်ရတယ်၊ ဇာတ်သဘင် ဆိုတာ ဇာတ်ရှုပ်တတ်တယ်ဆိုတဲ့ စကားနှင့်အညီ တိုင်တန်းမှု၊ ပစ်စာပစ်မှု၊ ဖိုမကိစ္စ စွပ်စွဲမှုများ များလှပါသည်။ အနုပညာရှင်တို့ဆိုသည်မှာ ဥပဒေ၊ စည်းကမ်းဟာ အဓိက မဟုတ် သူတို့ခံစားမှုသာ အရေးကြီးသည်ဟု ခံယူထားကြသဖြင့် ခွင့်မတောင်းဘဲ၊ မချိန်းဆိုဘဲ ညွှန်ကြားရေးမှူးချုပ်ရုံးသို့ ဝင်လာတတ်ကြသည်။ လှပ၊ နုပျို၊ နာမည်ကြီး ရုပ်ရှင်မင်းသမီးများ၊ ကချေသည်များ၊ ဇာတ်မင်းသမီးများသည် ဖော်မပါတစ်ကိုယ် တည်း ညွှန်ကြားရေးမှူးချုပ် ရုံးခန်းသို့ ဖွတ်ဝင်လာပြီး သူတို့လိုလားချက်၊ ခံစားချက်ကို

mgyoe.com

mgyoe.com

တဲ့တိုးပြော အကူအညီတောင်းတတ်ပါသည်။ ရှိက်ကြီးတငင် ငိုချဲပြပြီး အသနားခံ တတ်ကြပါသည်။ ထိုအခါ ညွှန်ကြားရေးမှူးချုပ်သည် သတိကြီးစွာထားပြီး လက်ခံ တွေ့ပေးနေရသည်။ ချောင်းမြောင်းကြည့် နားထောင်၊ လိုတစ်မျိုး မလိုတစ်မျိုး အတင်း သတင်း လွှင့်တတ်ကြသည်။ အနုသုခုမ ပညာရှင်တို့မှာလည်း ခံစားချက်ရှိရှိ၊ မရှိရှိ သရုပ်ဆောင်ပညာနှင့် တစ်ဖက်သား သနားအောင် ရှိုက်ကြီးတငင် ငိုရှိုက်ပြနိုင်စွမ်း ရှိကြသည်။

ယင်းသို့သော အန္တရာယ်နှင့် ကြုံရတိုင်း ဒေါက်တာရီရီနှင့် မကြန်တို့ကိုခေါ်ပြီး စာရေးသူနှင့်အတူ ရုံးခန်းတွင် အနေခိုင်းထားရပါသည်။ မျက်မြင်သက်သေ ပြုထားရ ခြင်း ဖြစ်ပါသည်။ အပျိုကြီးနှစ်ဦးက စာရေးသူ၏ဒုက္ခနှင့် သုခုမပညာရှင် အမျိုးသမီး တို့၏ 'ဖမ်းစား'မှုစွမ်းရည်ကို စာရေးသူအပေါ် ကရုဏာဖြစ်ပြီး၊ သုခုမပညာရှင်တို့၏ ဖမ်းစားမှုကို အံ့သြကြသည်။ ထို့ပြင် တဟားဟားနှင့်လည်း ရယ်ကြသည်။ အခြားဝန် ထမ်းများက "ဒီအပျိုကြီးနှစ်ယောက်ဟာလည်း၊ ဒါကြောင့် အပျိုကြီးဖြစ်နေတာပဲ" ဟု နောက်ပြောင်ကြသည်။

ရုံးအတွင်း၌ လေ့ကျင့်ဆောင်နှင့် ဇာတ်ခုံရှိရာ ဆိုင်းအက၊ ဇာတ်၊ အငြိမ့် လေ့ကျင့် မှုလည်းပြုသည်။ သမိုင်းသုတေသန စာတမ်းများလည်းဖတ်သည်။ သံရုံးအသီးသီးမှ သံအမတ်ကြီးများ၊ ဝန်ထမ်းများလည်း လာရောက် နားထောင်ကြသည်။ (စာတမ်းများ ကို အင်္ဂလိပ်ဘာသာနှင့် ဖတ်ပါသည်)။ ဇာတ်များ၊ သီချင်းများကို ဒေါ်ကြန်၊ ဒေါက် တာဒေါ်ရီရီတို့က တတ်စွမ်းသမျှ စာရေးသူနှင့်အတူ အင်္ဂလိပ်ဘာသာ ပြန်ပေးကြပါ သည်။

အချိန်တွေပြောင်း၊ ဌာနတွေလည်းပြောင်း အနိစ္စနှင့်သင်္ခါရ တရားကို မလွန်ဆန် နိုင်သောကြောင့် နိုင်ငံသမိုင်း သုတေသနဦးစီးဌာနသည် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပညာရေးဝန်ကြီးဌာနအောက်သို့ ရောက်သွားသည်။ စာရေးသူသည်လည်း မန္တလေးတက္ကသိုလ် သမိုင်းဌာနနှင့် အိုင်အာရ်(International Relation) ဌာန ပါမောက္ခ၊ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ သာသနာပြုတက္ကသိုလ် သမိုင်းပါမောက္ခ၊ နိုင်ငံတော် သမိုင်းကော်မရှင်အဖွဲ့ သမိုင်းဖြစ်ရပ်မှန်စာ ပြုစုရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ပြောင်းရွှေ့အမှုထမ်းလာရသည်။ ဒေါက်တာဒေါ်ရီရီမှာ သက်ပြည့်အငြိမ်းမစားရမီ ကင်ဆာရောဂါနှင့် ကွယ်လွန်သည်။ ငါးသုံးလုံးစီးကရက်ကို အဆက်မပြတ် သောက်သူဖြစ်ပါသည်။ မကြန်ခများလည်း

mgyoe.com

mgyoe.com


မြန်မာစာအဖွဲ့သို့ ရောက်သွားပါသည်။ သို့သော် သူ၏ သမိုင်းသုတေသနဗီဇကို ရောက်ရာဌာနတွင် တွင်ကျယ်အောင်မြင်စွာ အသုံးချသူဖြစ်၍ သူပြုစုထားသော သမိုင်းသုတေသနပြု စာအုပ်များစွာ ထွက်ခဲ့ပါသည်။ ဒေါက်တာတွဲယူ ကျမ်းများကို စစ်ဆေးပေးခြင်း၊ သုတေသန စာတမ်းများဖတ်ခြင်း၊ ပြည်ပသို့ သုတေသနအတွက် အချက်အလက် အကိုးအကားများ စုဆောင်းခြင်းတို့ကို အနားယူပြီးနောက် ဆက်၍လုပ်နေပါသည်။

နှစ်စဉ် သက်ကြီးစာရေးဆရာကြီးများ ပူဇော်ပွဲကို နိုင်ငံတော်က ပြုလုပ်ပေးရာ ဒေါ်ကြန်နှင့် ဆုံကြရသည်။ လွန်ခဲ့သော ၂ နှစ်ခန့်က ဒေါ်ကြန် အခမ်းအနားသို့ မတက်ရောက်နိုင်။ သူ့ထံသို့ ပူဇော်ငွေ အရောက်ပို့ကြရသည်။ သူ့အား စာရေးသူက

"ခင်ဗျား၊ အပျိုကြီး ဖြစ်မှာပေါ့ နာမည်ကိုက မကျန်တဲ့"

"အမယ်၊ ကကြီး ယရစ်နဲ့ ကြန်ပါ၊ ကကြီး ယပင့်နဲ့ "ကျန်" ကျန်ရစ်မဟုတ်ပါဘူး"

"ဒီလိုဆို ခင်ဗျားမျှော်လင့်ချက်တွေ မကုန်သေးဘူးပေါ့" ဟု နောက်ပြောင်မိပါသည်။

ယခု အသက် တစ်ရာပြည့်ရန် လပိုင်းသာ လိုတော့သည့် တပည့်မ မကြန်၊ လုပ်ဖော်ကိုင်ဖက် ဒေါ်ကြန်ကို အသက်ရာကျော် နေရပါစေ၊ စိတ်ချမ်းသာ ကိုယ်ကျန်းမာပါစေ၊ နိုင်ငံတော်အတွက် မြန်မာ့သမိုင်းအတွက် ဆက်လက် အကျိုးပြုလုပ်ငန်းများ ပြုစုနိုင်ပါစေလို့ ဆုတောင်းလျက်...

၁၀၊ ဌန်၊ ၂၀၀၈။

❑

mgyoe.com

mgyoe.com


## ဆရာမကြီးဒေါ်ကြန် 'မအိုသေးပါ'

▶▶▶ မောင်ခင်မင်(ဓနုဖြူ)

စာရေးသူ တစ်ယောက်ကို လူမမြင်ဖူးခင် ကတည်းက သူ့စာနှင့်အရင် ရင်းနှီးရပြီး လူကို နောက်မှ သိကျွမ်း ခင်မင်ရတတ်သည်။ ဖြစ်စဉ်အတိုင်းပင် ဆရာမကြီး ဒေါ်ကြန် ကို ဘယ်သူ ဘယ်ဝါမှန်း မသိခင် ကာလအတန်ကြာ ကတည်းကပင် ဆရာမကြီး၏ စာများနှင့် ထိတွေ့ ရင်းနှီးခဲ့ရပါသည်။

မှတ်မှတ်ရရ ပြည်ထောင်စု ယဉ်ကျေးမှု စာစောင်ထဲတွင် 'မကြန်' ဆိုသော ကလောင်နာမည်နှင့်အတူ ဆရာမကြီး၏ ဆောင်းပါးတစ်ပုဒ်ကို စဖတ်ရကတည်းက 'ထိုနာမည် ပိုင်ရှင်သည် သမိုင်းပညာရှင် ဆရာမကြီးတစ်ယောက် ဖြစ်ပေလိမ့်မည်' ဟု သတိပြုမိပါသည်။ နောက်ပိုင်းတွင် 'မကြန်'၊ 'ဒေါ်ကြန်' နာမည်များဖြင့် ရေးသော ဆရာမကြီး၏ ဆောင်းပါးများ၊ သုတေသန စာတမ်းများကို ဖတ်ရသည်။ လူကိုတော့ တော်တော်နှင့် မမြင်ဖူးသေးပါ။ ၁၉၆၀ ကျော် နောက်ပိုင်းကာလ၊ ရန်ကုန်တက္ကသိုလ် ပရိဝုဏ်တွင် နှစ်စဉ် ခြိမ့်ခြိမ့်သဲ ကျင်းပသော 'မြန်မာနိုင်ငံ သုတေသနကွန်ဂရက်' စာတမ်းဖတ်ပွဲများမှာကျမှ ဆရာမကြီးဒေါ်ကြန်ကို စပြီး မြင်ဖူးပါသည်။ အသားညိုညို၊ အရပ်အမောင်း ကောင်းကောင်းနှင့် တည်ငြိမ်အေးဆေးသည့် ရုပ်လက္ခဏာရှိသော ဆရာမကြီး တစ်ယောက်အဖြစ် အမှတ်ထင်ထင် ရှိခဲ့ပါသည်။

၁၉၇၉ ခုနှစ်မှာ ကျွန်တော် စာတမ်းဖတ်တော့ ဆရာမကြီးက စကားတစ်ခွန်း

mgyoe.com

.mgyoe.com


မှတ်မှတ်ရရ ပြောသည်။ ကျွန်တော်က ဝဇီရဗုဒ္ဓိ ဦးဖိုးစိန်၏ ဘာသာစာပေ ဆောင်းရွက်ချက်များ စာတမ်းကို ဖတ်ရာတွင် 'ဘိုးစဉ်ဘောင်ဆက် ဘွားလက်ထက်က' ဆိုသောအဖွဲ့မှ 'ဘောင်' ဟူသောစကားသည် အဓိပ္ပာယ် အထူးမရှိကြောင်း၊ ပုဒ်ဖြည့်စကားဖြစ်ကြောင်း ဆရာကြီး ဦးဖိုးစိန် မိန့်ဆိုသည့်အတိုင်း စာတမ်းမှာ တင်ပြလိုက်သည်။ စာတမ်းဖတ်ပွဲပြီးတော့ ဆရာမကြီး ဒေါ်ကြန်က ကျွန်တော့်ကို 'ဆရာလေး' ဟု လှမ်းခေါ်ပြီး " 'ဘောင်' ရဲ့အဓိပ္ပာယ်ကို ဆရာလေးရဲ့ သဘာပတိကြီးကို မေးကြည့်ပါလား" ဟု တစ်ခွန်းပြောသည်။ ကျွန်တော့် စာတမ်းကို သဘာပတိအဖြစ် ဆောင်ရွက်သူမှာ ရခိုင်အမျိုးသား ဆရာကြီး ဦးမြိုင်သန်း ဖြစ်သည်။ 'ဘောင်'မှာ ဆရာကြီး ဦးဖိုးစိန် မိန့်ဆိုသလို ပုဒ်ဖြည့်စကားမျှသာ မဟုတ်ဘဲ ရခိုင်စကားတွင် ဆွေမျိုးစပ် ဝေါဟာရတစ်ခုအဖြစ် အဓိပ္ပာယ်ရှိသော ဝေါဟာရ ဖြစ်သည့်အတွက် ရခိုင်အမျိုးသား သဘာပတိကြီးကို မေးကြည့်လျှင် သိလိမ့်မည်ဟု ဆရာမကြီး ဆိုလိုခြင်းဖြစ်ကြောင်း ထိုစဉ်က ကျွန်တော် သဘောမပေါက်ခဲ့ပါ။ ဆရာမကြီးကို 'ဟုတ်ကဲ့ပါ' ဟု သာမန်မျှသာ ပြန်ပြောခဲ့ရသည်။ နောင်အခါ 'ဘောင်'၏အဓိပ္ပာယ်ကို သိသောအခါကျမှ ဆရာမကြီး ထိုစဉ်က ဘာပြောလိုကြောင်း သဘောပေါက်သွားပါသည်။ ကျွန်တော့်ကို အချက်ကျကျ သိမ်မွေ့မွေ့ ထောက်ပြတာပါကလား ဟုတွေးမိပြီး ဆရာမကြီးကို များစွာ ကျေးဇူးတင်မိပါသည်။

၁၉၉၀ ကျော်ကာလတွင် ဆရာမကြီး ဒေါ်ကြန်နှင့် စာအုပ်ပြုစုရေးအဖွဲ့တစ်ဖွဲ့မှာ ဆုံစည်းရသည်။ 'ဆူးလေစေတီတော်သမိုင်းပြုစုရေးအဖွဲ့' ဖြစ်သည်။ ဆရာဦးမျိုးသန့် (မောင်ဆုရှင်) ကို အကြောင်းပြု၍ ထိုအဖွဲ့မှာ ကျွန်တော် အဖွဲ့ဝင် ဖြစ်လာသည်။ ဆရာတိုက်စိုး၊ ဆရာ ဒေါက်တာခင်မောင်ညွန့်၊ ဆရာဦးသော်ကောင်း စသည့် ပညာရှင်များနှင့်အတူ ဆရာမကြီးလည်း အဖွဲ့ဝင်အဖြစ် ပါဝင်သည်။ ဆူးလေစေတီတော်သမိုင်းဆိုင်ရာ အထောက်အထားများကို ရှာဖွေဖော်ထုတ် ဆွေးနွေးကြသော ပညာရှင်များ၏ ဆွေးနွေးချက်များကို ကြားနာမှတ်သားခွင့် ရသည်။ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ အကိုးအထောက်များကို ဆရာမကြီး ဒေါ်ကြန်လည်း ဖော်ထုတ်ဆွေးနွေးပါသည်။ သမိုင်းပညာရှင်တစ်ယောက် အမြင်နှင့် အလေ့အလာကို သိခွင့်ရခဲ့ပါသည်။ ပညာရှင်များ စုစည်းပေးသော အထောက်အထားများကို ဦးအေးချို (မဟာဝိဇ္ဇာ)က စာအုပ်အဖြစ် ရေးသားပြုစုရန် တာဝန်ယူသည်။ လုပ်ငန်းတစ်ခု အောင်မြင်ပြီးမြောက်သွားသည်ကို ဝမ်းသာစရာ တွေ့ရပါသည်။

mgyoe.com

mgyoe.com


ကျွန်တော် အငြိမ်းစား ယူပြီးနောက် မြန်မာစာအဖွဲ့တွင် အဖွဲ့ဝင် ဖြစ်လာသော အခါ ဆရာမကြီးနှင့် အနီးကပ် ဆုံစည်းရသည်။ ဆရာမကြီးသည် သမိုင်းပညာရှင် ဖြစ်သော်လည်း အကြောင်းအားလျော်စွာ မြန်မာစာ အဖွဲ့ဝင် ဖြစ်နေသည်။ မြန်မာဝေါဟာရများကို အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင် သမိုင်းဆိုင်ရာ အချက်အလက်များနှင့် သက်ဆိုင်သည့်အခါတိုင်း ဆရာမကြီးက အထောက်အထားခိုင်ခိုင်မာမာဖြင့် ရှင်းလင်း ဆွေးနွေးပါသည်။ ရှေးရာဇဝင်ကျမ်းများမှ ဝေါဟာရများ၏ အဓိပ္ပာယ်ကိုလည်း ရှင်းလင်း ဖွင့်ဆိုပြပါသည်။ ဆရာမကြီး၏ သမိုင်းဆိုင်ရာ အယူအဆများ၊ ပြောဆိုဆွေးနွေးချက်များမှာ မြန်မာစာအဖွဲ့ လုပ်ငန်းများအတွက် များစွာ အထောက်အကူ ဖြစ်သည့်အတွက် အခြား ပညာရှင်များက သမိုင်းနှင့် ပတ်သက်လာလျှင် ဆရာမကြီးကို အားကိုးကြရပါသည်။

ရုံးသွားရုံးပြန် အကြိုအပို့ ကားတစ်စီးမှာ အတူတူ လိုက်ပါရသည့်အတွက် အသွားအပြန် ခရီးတစ်လျှောက် ဆရာမကြီးနှင့် စကားပြောခွင့် ကြုံရပါသည်။ ဆရာမကြီး ငယ်စဉ်က စာကြိုးစား အားထုတ်ခဲ့ပုံများကိုလည်း ကြားရသည်။ ဆယ်တန်းကို စောစော အောင်သော်လည်း ငွေကြက်စရာများရှိ၍ တက္ကသိုလ် ဆက်မတက်ဖြစ်သေးဘဲ အလုပ်ဝင်လုပ်ပြီး အသက်ကြီးမှ တက္ကသိုလ် ဆက်တက်ဖြစ်ပုံကစ၍ ထိုစဉ်က 'သမိုင်းကော်မရှင်' တွင် ကျမ်းပြု အရာရှိအဖြစ် နှစ်အတန်ကြာ ဆောင်ရွက်ခဲ့ပုံ၊ ပြည်တွင်း ပြည်ပ အတွေ့အကြုံများ၊ သုတေသန လုပ်ငန်းများ ဆောင်ရွက်ပုံတို့ကအစ ပျို့ရွယ်စဉ်က ကိုယ့်ကား ကိုယ်မောင်းပြီး ရုံးတက်ပုံအထိ ကြားနာ မှတ်သားရပါသည်။ ယခင်က ကမာရွတ် လှည်းတန်းရှိ 'မဟာဆိုရှယ်လမ်း' မှာ ဆရာမကြီး၏ အိမ်ရှိသည်။ ယခုတော့ သမိုင်းဘက်ပြောင်းပြီး နေပါသည်။ ပညာဘက်ကို တစ်ချိန်လုံး အာရုံစိုက် နှစ်မြှုပ် လေ့လာခဲ့သော ဆရာမကြီးမှာ အသက်အရွယ်ကြီးရင့်သည်အထိ 'ဖော်မရှာ တစ်ကိုယ်တည်း' ဘဝဖြင့် မွေ့လျော်စွာ နေထိုင်သူ ဖြစ်ပါသည်။

ဆရာမကြီး ဒေါ်ကြန်နှင့် အတွဲအဖက် ညီသူမှာ ဆရာမကြီး ဒေါက်တာရီရီ ဖြစ်သည်။ သမိုင်းကော်မရှင်မှာ ကျမ်းပြုအရာရှိများအဖြစ် လက်တွဲဆောင်ရွက်ရင်း သုတေသန စာတမ်းများ ရေးသားကြသည့် ဆရာမကြီးတို့ နှစ်ယောက်ကို 'ပညာရှင် ညီအစ်မ' အဖြစ် လူသိများသည်။ ရွှေတိဂုံစေတီတော်ရှိ လှူဒါန်းထားသော ကြေးအုတ်ချပ်များမှ စာများကိုလည်း နှစ်ယောက်သား ပူးတွဲ၍ သုတေသန ပြုထားသည့် စာတမ်းမှာ စိတ်ဝင်စားဖွယ် ကောင်းပါသည်။ 'မြန်မာနိုင်ငံ အခြေအနေ' ကိုလည်း ခေတ်ပိုင်း

mgyoe.com

mgyoe.com


၍ စာအုပ်တစ်အုပ်စီ ပြုစုခဲ့သည်။ ဆရာမကြီး ဒေါက်တာရီရီမှာ အရွယ်ကောင်းတွင် ကွယ်လွန်သွားသည့်အတွက် ဆရာမကြီးဒေါ်ကြန် သူ့ပညာခရီးကို တစ်ယောက်တည်း နှင်ရပါတော့သည်။

ဆရာမကြီးနှင့် ကျွန်တော်တို့ တစ်မိုးအောက်မှာ အတူနေထိုင်၍ ထမင်းလက်ဆုံစားရင်း စကားဝိုင်းဖွဲ့ခဲ့ရပုံမှာလည်း အမှတ်ထင်ထင် ရှိခဲ့ပါသည်။ ၂၀၀၉ ခုလောက်က မြန်မာစာ အဖွဲ့တစ်ဖွဲ့လုံး နေပြည်တော်သို့ ပြောင်းရွှေ့ရသည်။ ရုံးဝန်ထမ်းများက နေပြည်တော်သို့ အပြီးအပိုင် ပြောင်းရသည်။ အဖွဲ့ဝင်များကတော့ အသက်အရွယ် ကြီးပြီဖြစ်၍ နေပြည်တော်သို့ လိုက်ပြောင်းဖို့ အခက်အခဲ ရှိသည်။ ထို့ကြောင့် နှစ်လတစ်ကြိမ် နေပြည်တော်သို့သွားပြီး အစည်းအဝေး နှစ်ပတ် (ရုံးပိတ်ရက်အပါ ၁၀ ရက်) ဆက်တိုက်လုပ်သည့် အစီအစဉ်ကို ကျင့်သုံးသည်။ နှစ်ပတ် အစည်းအဝေးထိုင်ပြီး ရန်ကုန်ပြန်၍ နှစ်လ နားရသည့် အစီအစဉ်ဖြစ်သည်။ အဖွဲ့ဝင်များ အသွားအပြန်ခရီးကို လေယာဉ်ဖြင့် စီစဉ်ပေးသည်။ နေပြည်တော် ခရေအိမ်ရာမှာ အိမ်ခန်းများ သတ်မှတ်ပေးထားသည်။ တိုက်တစ်တိုက်တည်းတွင် ဆရာမဒေါ်ကြန်က မြေညီထပ်ရှိ အခန်းတစ်ခန်းမှာ နေရသည်။ ကျွန်တော်နှင့် ဆရာကြီးဦးမြင့်ကြည်က ပထမထပ်ရှိ အခန်းတစ်ခန်းမှာ နေရသည်။ အစားအသောက်ကို ဝန်ထမ်းများက စီစဉ်ကျွေးမွေးသည်။ နေ့လယ်စာကို ရုံးမှာ စားရသည်။ ညစာကျတော့ ဝန်ထမ်းများက အိမ်မှာ စီစဉ်ပေးသည်။ ညစာစားချိန် ရောက်လျှင် ဆရာကြီး ဦးမြင့်ကြည်နှင့် ကျွန်တော်က ဆရာမကြီး၏ အခန်းသို့ဝင်ပြီး သုံးယောက်ထမင်းဝိုင်းဖွဲ့ရသည်။ စားရင်းသောက်ရင်း စကားစမြည် ပြောရသည်မှာ အမှတ်တရ ရှိပါသည်။ ဆရာမကြီးက သမိုင်းကော်မရှင်ဥက္ကဋ္ဌ ဆရာကြီးဦးကောင်း၊ ဗိုလ်မှူးဘရှင်၊ ဒေါက်တာသန်းထွန်း၊ ဒေါက်တာ ခင်မောင်ညွန့်၊ ဦးထွန်းအောင်ချိန် စသည့် ဆရာကြီးများ အကြောင်း ထွေထွေရာရာ ပြောပြတတ်သည်။ ဆရာမကြီးမှာ တစ်နှစ်သာ နေပြည်တော်သို့ လိုက်နိုင်သည်။ နောက်နှစ်တွေမှာတော့ ကျန်းမာရေး အခြေအနေအရ မလိုက်နိုင်တော့ပါ။ မြန်မာစာအဖွဲ့ ရန်ကုန်ပြန်ပြောင်းပြီးနောက် ဆရာမကြီး အစည်းအဝေး လာတက်ပါသေးသည်။ ယခုတော့ ကျန်းမာရေး အခြေအနေအရ မတက်နိုင်တော့ပါ။ မြန်မာစာအဖွဲ့က ဝန်ထမ်းမိန်းကလေးတွေ ဆရာမကြီးဆီ လာကြလျှင် အစည်းအဝေး တက်ချင်ကြောင်း ပြောနေသည်ဟု ကြားရပါသည်။

ကျွန်တော်နှင့် အနီးကပ် ထိတွေ့ခွင့်ရသော သုံးလေးနှစ် ကာလအတွင်းမှာ

mgyoe.com

mgyoe.com


ဆရာမကြီး၏ 'ပညာရှင်' ပုံရိပ်ကို ထင်းထင်းကြီး မြင်တွေ့ရသည့်အတွက် ဝမ်းသာအားကျမိပါသည်။ ထိုကာလအတွင်း မဂ္ဂဇင်းတွေမှာ ဆောင်းပါးတွေ မပြတ်ရေးသည်။ ဆောင်းပါးတွေစုပြီး ထုတ်သော ပညာရပ်ဆိုင်ရာ စာအုပ်တွေလည်း တစ်အုပ်ပြီးတစ်အုပ် အစောပိုင်းနှစ်များက နေမျိုးရာဇစည်သူ၏ ရတနာသိခ်မြို့ထွက် မော်ကွန်းကို တည်းဖြတ်သည်။ စာပေဗိမာန် စာတမ်းဖတ်ပွဲမှာလည်း 'ဓာတိမာန်သမိုင်း' စာတမ်းဖတ်သေးသည်။ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့မှာလည်း သုတေသနပြုနည်းအကြောင်း ဟောပြောသေးသည်။ ဦးအေးချိုနှင့် သူရဇော်တို့ကို ဦးဆောင်ပြီး မှန်နန်းရာဇဝင်တော်ကြီး သုံးတွဲပေါင်းကို ပြန်တည်းဖြတ်သေးသည်။ ကုန်းဘောင်ခေတ်က မြန်မာနိုင်ငံသို့ ရောက်လာသော နိုင်ငံခြားသားများအကြောင်း၊ ဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးအကြောင်း စသည့် သမိုင်းစာအုပ်များလည်း တစ်အုပ်ပြီးတစ်အုပ် ထွက်လာသည်။

ဆရာမကြီးသည် ယခု အသက် တစ်ရာတန်း ရောက်ပါပြီ။

စကားတစ်ခုကို သတိရမိသည်။ အနှစ်တစ်ရာလုံး အကျိုးမဲ့နေခြင်းထက် တစ်ရက်မျှ အကျိုးရှိရှိ နေခြင်းက မြတ်သည် ဆိုသောစကားဖြစ်သည်။

ဆရာမကြီးမှာမူ အနှစ်တစ်ရာပတ်လုံး အကျိုးရှိသော နေခြင်းဖြင့် ပညာရှင်ပီသစွာ နေထိုင်ပြီး ပညာဖြန့်ဝေခဲ့သည့် ပုဂ္ဂိုလ်ကြီး ဖြစ်သည်။

ဤအကြောင်းများကို စဉ်းစားမိသည်၏ ခဏ၌ ကျွန်တော်၏ စိတ်အာရုံထဲတွင် လက်ရုံးဆန့်တန်းကာ 'ငါမအိုသေး' ဟု ကြုံးဝါးနေသော အလောင်းစည်သူမင်းကြီး၏ နေရာတွင် ဆရာမကြီး၏ ရုပ်သွင်သည် လင်းခနဲ လက်ခနဲ ပေါ်လာပါတော့သည်။

❑

mgyoe.com

mgyoe.com


## ကျွန်တော်နှင့် ဒေါ်ကြန်၏ မဒရပ်ပါ အပျိုတော်များ

>>> မောင်သန်းဆွေ (ထားဝယ်)

ကျွန်တော်၏ အထက်ပါဆောင်းပါး ခေါင်းစဉ်ကို စာဖတ်ပရိသတ်အနေဖြင့် သမိုင်းပညာရှင် ဆရာမကြီးဒေါ်ကြန်နှင့် မဒရပ်ပါအပျိုတော်များ၊ မည်သို့ ပတ်သက်နေသနည်းဟု တွေးထင်ကြပေလိမ့်မည်။ မည်သို့မျှ မပတ်သက်ပါ။ ဆရာမကြီးဒေါ်ကြန်သည် သမိုင်းကော်မရှင်တွင် ကျမ်းပြုအရာရှိအဖြစ် အမှုထမ်းစဉ်က၊ ကုန်းဘောင်ခေတ်နှင့် နောက်ပိုင်းကို တာဝန်ယူ ရေးသားရသဖြင့် အရှင်နှစ်ပါး ပါတော်မူသည့်အခါ အိန္ဒိယပြည်၊ မဒရပ်မြို့တွင် ခေတ္တစံတော်မူစဉ်က အတူပါသွားသည့် အပျိုတော်ကလေးများအကြောင်းကို ဆောင်းပါးရေးထားခြင်းသာ ဖြစ်ပါသည်။ ကြာပါပြီ။ ထိုဆောင်းပါးကို ဖတ်ရစဉ်က ကျွန်တော် အသက်ငယ်သေးသည်။ မဂ္ဂဇင်းအသစ်ဖတ်ရလျှင် သမိုင်းဝါသနာရှင်ပီပီ ဒေါ်ကြန်ရေးသည့် ဆောင်းပါးကိုသာ ဦးဆုံးဖတ်ပါသည်။ ဒေါ်ကြန်၏ မဒရပ်ပါအပျိုတော်များ ဆောင်းပါးကို ဖတ်ရစဉ်က တစ်နေ့ထိုဆောင်းပါးနှင့် စာရေးသူ ပတ်သက်ရလိမ့်မည်ဟု လည်းကောင်း၊ ထိုဆောင်းပါးကို သဲသဲမဲမဲ ပြန်ရှာရလိမ့်မည်ဟု လည်းကောင်း မတွေးမိခဲ့ပါ။ ယခုအခါမှ ထိုဆောင်းပါးကို အရေးတကြီး ပြန်ရှာရပါသည်။ အဘယ်ကြောင့် ပြန်ရှာရသည်ကို ရှင်းပြပါမည်။

ကျွန်တော်သည် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလတွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ ရတနာဂီရိသို့သွားသော၊ အိန္ဒိယခရီးစဉ်တွင် ယဉ်ကျေးမှုဒုတိယဝန်ကြီးအနေ

mgyoe.com

mgyoe.com


ဖြင့် လိုက်ပါသွားရပါသည်။ ထိုခရီးစဉ်နှင့် ပတ်သက်၍ အလင်းတန်းဂျာနယ်တွင် ဆောင်းပါးရေးခဲ့သည်။ ထိုဆောင်းပါး၌ ကျွန်တော်၏ ထူးဆန်းသော အိပ်မက် အကြောင်းကို အောက်ပါအတိုင်း ရေးခဲ့၏။

'ရတနာဂီရိသို့ မသွားမီညက ကျွန်တော် ထူးဆန်းသောအိပ်မက်ကို မြင်မက်သည်။ ထိုအိပ်မက်မျိုး တစ်ခါဖူးမျှ မမက်ဖူးပါ။ အိပ်မက်ထဲတွင် သီပေါမင်းတရား၏ ရတနာဂီရိစံအိမ်တော်ကြီးရှေ့မှ ကွင်းထဲတွင် ကျွန်တော်က ရောက်နေသည်။ ဖြူစင်သောဝတ်ရုံများ ဝတ်ဆင်ထားပြီး၊ အနောက်တွင် အတောင်ကြီးများ ပေါက်နေသော ခရစ်ယာန်တို့၏ ကောင်းကင်တမန် နတ်သမီး (Angel) ရှစ်ယောက်တို့က ကျွန်တော့် အား လှည့်ပတ်၍ ကနေကြပါသည်။ သူတို့၏မျက်နှာများမှာ အင်္ဂလိပ် ပုံများမဟုတ်ဘဲ မြန်မာမျက်နှာများ ဖြစ်ပါသည်။ မျက်စိမှေးမှေး၊ နှာခေါင်းပြားပြားနှင့် တရုတ်နှင့် ပိုတူသည်။ ကျွန်တော်က သူတို့ကို ကြည့်ပြီး 'ဘာလုပ်တာလဲ' ဟုမေးရာ –

"ရတနာဂီရိကိုလာမှာမို့ ဝမ်းသာနေကြတယ်" ဟုပြောကြပါသည်။'

သူတို့အသံကလည်း မြန်မာသံမဟုတ်ပါ။ ခပ်ဝဲဝဲပင် ဖြစ်သည်။ ကျွန်တော် ရုတ်တရက် အိပ်ရာမှ လန့်နိုးလာပါသည်။

"ငါ...ရတနာဂီရိကို စိတ်စွဲနေလို့ မက်တာပဲ" ဟု တွေးလိုက်မိသည်။ အိပ်ရာမှထ ပြီး ကိုယ်လက်သန့်စင်လိုက်သည်။ နာရီကိုကြည့်ရာ နံနက် ၂း၀၀ နာရီသာ ရှိသေး သည်။ စောသေး၍ ပြန်အိပ်လိုက်ပါသည်။ အလားတူ အိပ်မက်ကိုပင် ပြန်မက်ပါ သည်။ နံနက် ၅း၃၀ မှ အိပ်ရာမှ နိုးလာပါသည်။ ထူးဆန်းသည့် ဤအိပ်မက်ကို အမျိုးမျိုးတွေးကြည့်ရာ၊ မည်သို့မျှ သဘောမပေါက်ခဲ့ပါ။ ဆက်စပ်ကြည့်၍လည်း မရပါ။ အတော့်ကို ထူးဆန်းသည့် အိပ်မက်ဖြစ်၍ ယခုလို ဖော်ပြရေးသားလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော့် ဆောင်းပါးကို သီပေါမင်းတရား စတုတ္ထသမီးတော်၏ ဒုတိယသမီး တော် ထိပ်စုဘုရားကြီးက ဖတ်ရသည်ဆိုပါသည်။ တစ်လောက အန်တီစု (ထိပ်စု ဘုရားကြီး) နှင့် တွေ့ကြသောအခါ သူက–

"ကိုသန်းဆွေ ဆောင်းပါးကို ကျွန်မ ဖတ်ရတယ်၊ ကိုသန်းဆွေက အိပ်မက်နဲ့ ပတ်သက်ပြီး ဆက်စပ်ကြည့်လို့မရဘူး။ ဘယ်လိုမှ သဘောမပေါက်ဘူးလို့ ရေးထားပေ

mgyoe.com

mgyoe.com

မဲ့ ကျွန်မတော့ တွေးလို့ရတယ်"

"ဟင်...ဟုတ်လား အန်တီစု၊ အန်တီစုရဲ့ အတွေးအမြင်ကို ပြောပါဦး"

"ကျွန်မတော့ ရှင့်အိပ်မက်ထဲက အိန်ဂျယ်ရှစ်ယောက်ဟာ ဘုရားတော်တို့နဲ့ မဒရပ်ကိုပါသွားတဲ့ အပျိုတော်လေးတွေ ဖြစ်မယ်"

ဟုပြောသွားပါသည်။ အန်တီစုစကားကြောင့် ကျွန်တော့်အတွေး၊ တွေးရခက်ခက်ဖြစ်သွားသည်။

စာဖတ်သူများအနေနှင့် အန်တီစု (ထိပ်စုဘုရားကြီး)ပြောသည့် မဒရပ်ပါ အပျိုတော်များအကြောင်းကို သဘောပေါက်မည် မထင်ပါ။ သို့ကြောင့် စာဖတ်သူများ သဘောပေါက်နားလည်၍ ရှင်းသွားစေရန် ဖော်ပြရပါလိမ့်မည်။ ထိုသို့ဖော်ပြနိုင်ရန် ဒေါ်ကြန်ရေးခဲ့သော 'မဒရပ်ပါအပျိုတော်များ' ဆောင်းပါးကို သဲသဲမဲမဲ ပြန်ရှာရတော့သည်။

အရှင်နှစ်ပါး ပါတော်မူစဉ်က အရှင်နှစ်ပါးနှင့်အတူ လိုက်ပါသွားကြသူအားလုံးသည် တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် လီဗာပူးတပ်မဟာမှ ဗိုလ်မှူးကြီး လဲမယ်စူးရိုးယား ဦးစီးသော တပ်ဖွဲ့နှစ်ဖွဲ့စောင့်ကြပ်လျက် သူရိယသင်္ဘောနှင့် ရန်ကုန်သို့ စတင်ထွက်ခွာခဲ့ရသည်။ လပြည့်ကျော် ၁၅ ရက်တွင် ရန်ကုန်သို့ရောက်သည်။ ကလိုက် ခေါ် ပင်လယ်ကူးသင်္ဘောပေါ်သို့ ပြောင်းကြရ၏။

နတ်တော်လဆန်း ၄ ရက်၊ ညနေ ၅ နာရီတွင် အရှင်နှစ်ပါးသည် ညီမတော်ရမည်းသင်းစုဖုရား၊ သမီးတော်နှစ်ပါး၊ အထိန်းတော် တောင်ဆင်းမြို့စား၊ မိုးညှင်းမြို့စား အပျိုတော် ဝသန်၊ ခါနွေ၊ တိမ်ပြာ၊ မိလ္လာ၊ ဇေဌာ၊ သောရီ၊ နန်းပေါ်၊ နန်းထူး၊ သံတော်ဆင့်ပန်းတဉ်းဝန်၊ ဘဏ္ဍာစိုးစာရေးကြီး၊ အင်္ဂလိပ်မင်းကထည့်လိုက်သော ဟသ်ာတ ဇာတိစကားပြန် မောင်ရှိန်း၊ ညီမောင်သိန်းတို့နှင့်အတူ ကလိုက်သင်္ဘောမှ 'အိပ်ချ် အမ် အက်စ် ကင်းနင်း' ခေါ် ပင်လယ်ကူးသင်္ဘောပေါ်သို့ပြောင်း၍ မဒရပ်သို့ ခရီးဆက်ရသည်။ မဒရပ်တွင် အရှင်နှစ်ပါးနှင့်အဖွဲ့သည် အတန်ကြာ နေခဲ့ကြရလေသည်။

ထိုသို့နေစဉ်အတွင်း အပျိုတော်ငယ်လေးများနှင့် ပြဿနာဖြစ်လာ၏။ အရှင်နှစ်ပါး၏ အခြေအနေကား အာဏာလက်ရှိမဟုတ်သဖြင့် ပြောင်းလဲသွားခဲ့လေပြီ။ နန်းကျဘဝသို့ ပြောင်းလဲသွားသည့် အခြေအနေကို မဒရပ်သို့ လိုက်ပါလာသည့် ကျွန်တော်

mgyoe.com

ရင်းများက နားလည်သဘောပေါက်ကြရုံမျှမက ကောင်းစွာ အခွင့်ကောင်းယူကြ၊ အသုံးချကြသည်ဟု ဆိုရပေမည်။

ထို့ကြောင့် အပျိုတော်ငယ်လေးများသည် ရှေးကကဲ့သို့ ပြားပြားဝပ် ရိုသေကိုင်းရှိုင်း ကျိုးနွံခြင်း မရှိတော့ဘဲ ကလန်ကဆန် ပြုမူနေထိုင်လာကြသည်။ လွတ်လွတ်လပ်လပ် နေထိုင်ပြောဆိုကြခြင်း၊ ကျယ်လောင်စွာ ရယ်မောကြခြင်း၊ ဆူညံဟစ်အော် ပြောဆိုကြခြင်းများ ပြုကြသည်။ ထိုထက် ရံဖန်ရံခါ သီပေါမင်းအနီးအပါး ကြားသာမြင်သာသည့် နေရာများမှပင် မဆင်မခြင်၊ ရှန့်ရင်းကြမ်းတမ်း၊ မဖွယ်မရာသော စကားလုံးများ သုံးနှုန်းပြောဆိုကြသဖြင့် မင်းဖုရားတို့မှာ များစွာ မခံချိမခံသာ၊ စိတ်ဆင်းရဲခြင်း ဖြစ်ကြရသည်ဟု ဆိုပါသည်။ ဤတွင် အရှင်နှင့် ကျွန်တို့၏ ဆက်ဆံရေးမှာ ပို၍ မပြေမလည် ဖြစ်လာခဲ့လေသည်။

ထိုသို့ မပြေမလည် ဖြစ်ပေါ်လာခဲ့မှုများကို နန်းကျဘုရင်နှင့် မိဖုရားတို့အား လိုက်ပါစောင့်ကြပ်နေရသည့် အရာရှိက ကျေအေးအောင် ဖျန်ဖြေစီစဉ်ပေးရလေ၏။ သို့သော် အလွန်ထက်မြက် ခက်ထန်လှသည့် မိဖုရားခေါင်ကြီး၏ စိတ်ကျေနပ်မှုရအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

မိဖုရားခေါင်ကြီးသည် ထိုသို့မနွံနာသည့် အပျိုတော်လေးများကို လုံးဝမဆက်ဆံ၊ မိမိထံ မခစားစေဘဲ ဝိုင်းပယ်ထားတော်မူသည်။ သူ၏စိတ်တိုင်းကျ၊ ရှေးမူမပျက် ကျိုးနွံသူ အပျိုတော်ငါးဦးကိုသာ ခစားစေသည်။ အသုံးပြုတော်မူလေသည်။ ဆုလာဘ်ပေးကမ်းချီးမြှင့်တော် မူလေသည်။ ဤတွင် ဝိုင်းပယ်ခံရသည့် အပျိုတော်များက ပိုမို မကျေမချမ်းဖြစ်ကာ ဆူဆူပွက်ပွက် ရှိလာကြပြန်သည်။

အဖြစ်အပျက်မှာ စင်စစ်သော် ကြီးကျယ်လှသည် မဟုတ်ပေ။ သို့ရာတွင် နန်းကျဘုရင်နှင့် မိဖုရားတို့အတွက် အလွန်မခံချိစရာ ဖြစ်ပေမည်။ သုံးလတာမျှ ကာလအတွင်းဝယ် မိမိတို့သည် ရေမြေ့ရှင် သက်ဦးဆံပိုင် ဘုရင်မင်းမြတ် ဖြစ်ခဲ့ခြင်းကို လွယ်လင့်တကူ မေ့ပျောက်နိုင်ကြရန် ခဲယဉ်းလှပေမည်။ မိမိတို့ ကျရောက်ရပ်တည်နေရသည့် ဘဝအမှန်ကို ဆင်ခြင် သုံးသပ်နိုင်ကြဦးမည် မဟုတ်ပေ။ ထို့ကြောင့် အပျိုတော်ငယ်တို့၏ မကျိုးနွံမှု၊ အာခံမှု၊ ပြောင်းလဲလာမှုကို လုံးဝသည်းမခံနိုင် လျစ်လျူမရှုနိုင် ရှိကြပေမည်။

အပျိုတော်ငယ်တို့ကား ပြောင်းလဲမှုကို သဘောပေါက်နားလည်၍ ရှေးကကဲ့သို့ ပြားပြားဝပ်ဝပ် မရှိကြ၊ ရှေးကဲ့သို့ အသက်ဆံဖျားထားကာ ကြောက်ရွံ့ခြင်းမျိုး ကင်းလာ

mgyoe.com

mgyoe.com

ကြသည်။ ထိုသို့ အပြုအမူ ပြောင်းလဲလာအောင်၊ သတ္တိရှိလာအောင် သွေးထိုးမြှောက်ပင့် သွန်သင်နည်းပြသူများလည်း ရှိပေမည်။

ယင်းမတ်လအတွင်းမှာပင် အပျိုတော်ငယ်တစ်စုကို သံတော်ဆင့်ပန်းတဦးဝန်က ဆံကိုဆွဲ၊ လဲအောင်ထောင်း၍ ဆုံးမသည့်အမှု ထပ်မံဖြစ်ပွားခဲ့ပြန်သည်။ ဤအကြိမ်တွင်မူ ထိုသို့ဆုံးမခြင်းသည် အကြောင်းမဲ့သက်သက် ဖြစ်ရုံသာမက သီပေါမင်းက စေခိုင်းအမိန့်ပေးချက်လည်း မရှိဟုဆိုပါသည်။ သို့နှင့် ဆုံးမခံရသည့် အပျိုတော် ၇ ယောက်သည် ထိန်းကွပ်မရအောင် မကျေမနပ်၊ ဆူဆူပွက်ပွက် ဖြစ်ကြလျက် မြန်မာပြည်သို့ ပြန်ပို့ရန် တောင်းဆိုကြလေတော့သည်။ နောက်ဆုံး၌ ယင်းအပျိုတော် ၇ ဦးကို မြန်မာပြည်သို့ ပြန်ပို့ခွင့် ပြုလိုက်ရလေတော့သည်။

အပျိုတော် ၇ ယောက်တို့သည် မြန်မာပြည်သို့ ပြန်ရန်၊ အက်စ်အက်စ်အေရှသင်္ဘောပေါ်သို့ ရောက်ပြီးမှ မိမိတို့၏အမှားကို နောင်တရ၍ သည်းထန်စွာ ငိုကြွေးကြသည်။ အရှင်နှစ်ပါးထံ ပြန်ပို့ရန် တောင်းပန်ကြသည်ဟု ဆိုပါသည်။ သို့သော် အခါနှောင်းခဲ့လေပြီဖြစ်၍ အက်စ်အက်စ်အေရှသင်္ဘော ခေါ်ဆောင်ရာ ရန်ကုန်မြို့သို့ပင် လိုက်ပါခဲ့ကြရလေတော့သည်။

နန်းကျ မင်းမိဖုရားတို့နှင့်အတူ အိန္ဒိယသို့ လိုက်ပါခဲ့သည့် အပျိုတော်ငယ် ၇ ဦးကား ရတနာဂီရိသို့ မရွှေ့ပြောင်းရမီ မဒရပ်၌ ခေတ္တနေထိုင်စဉ်အတွင်း မြန်မာပြည်မှ ထွက်ခွာ၍ လေးလခန့်အကြာတွင်ပင် ရှေးကကဲ့သို့ မကျိုးနွံတော့သည့် ပြဿနာပေါ်ကာ မြန်မာပြည်သို့ ပြန်ခဲ့ကြပေသည်။ ထိုသူများမှာ–

| | | |
|---|---|---|
| မိလ္လာ | အသက် | (၁၅) နှစ် |
| သောရိ | အသက် | (၁၅) နှစ် |
| တိမ်ပြာ | အသက် | (၁၅) နှစ် |
| ဝသန် | အသက် | (၁၄) နှစ် (ဖခင်မှာ ပြည်မြို့မှ ဦးအောင်သန်း ဖြစ်သည်ဟု တွေ့ရပါသည်။) |
| နန်းပေါ | အသက် | (၁၅) နှစ် |
| မင်းလွင် | အသက် | (၁၇) နှစ် |
| ဟေမန် | အသက် | (၁၃) နှစ် တို့ဖြစ်ကြသည်။ |

ထူးခြားသည့်အချက်မှာ ထိုသူများထဲမှ သုံးယောက်သည် ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြသည်။ ထို့ထက် မိလ္လာသည် 'မေရီ' ဟူသည့် အမည်ကိုလည်းကောင်း၊

mgyoe.com

mgyoe.com


သောရီသည် 'အိဗလင်' ဟူသည့် အမည်ကိုလည်းကောင်း၊ တိမ်ပြာသည် 'ဩဂတ်စတာ' ဟူသည့် အမည်ကိုလည်းကောင်း ခံယူထားသည်ဟု တွေ့ရခြင်းပင် ဖြစ်သည်။

မြန်မာပြည်သို့ ပြန်ရောက်ပြီးနောက် နန်းပေါ၊ မင်းလွင်နှင့် ဟောမန်တို့သည် မန္တလေးမြို့ရှိ မင်းသား၊ မင်းသမီးကြီး အချို့တို့ထံ ခိုဝင်၍ ဆက်လက်နေထိုင်ကြသည်ဟု ဆိုပါသည်။

မြန်မာပြည်သို့ ပြန်ရောက်ပြီးနောက် ထိုအပျိုတော် ၇ ဦးကို ဗြိတိသျှအစိုးရက ထောက်ပံ့ကြေး ပေးထားလေသည်။ ထောက်ပံ့ကြေးမှာ ၁၈၈၆ ခု၊ မေလမှစ၍ ၁၀ ကျပ်စီဖြစ်ပြီးလျှင် အိမ်ထောင်ပြုသည်ထိဟူ၍ ကန့်သတ်ချက် ပါရှိလေသည်။

ယင်းအပျိုတော်တို့၏ ထောက်ပံ့ကြေး ထုတ်ယူရာဌာနကို ထောက်ရှု၍ ပြောရသော် အပျိုတော်ဝသန်နှင့် ဟောမန်တို့သည် မဒရပ်မှ ပြန်ရောက်ပြီးနောက် မန္တလေးမြို့တွင် ဆက်လက်နေထိုင်ကြသည်။ နန်းပေါ၊ မိလ္လာနှင့် မင်းလွင်တို့သည် ရန်ကုန်မြို့၌ နေထိုင်ကြ၍၊ သောရီနှင့် တိမ်ပြာတို့သည် မော်လမြိုင်မြို့တွင် နေထိုင်ကြကြောင်း တွေ့ရသည်။ ထိုသို့ နေထိုင်ခဲ့ကြသည်မှာ မိမိတို့သဘောဆန္ဒ အလျောက်လည်း ဖြစ်နိုင်သည်။ သို့မဟုတ် ဗြိတိသျှအစိုးရတို့က ပို့ထားရာတွင် နေထိုင်ကြရခြင်းလည်း ဖြစ်နိုင်ပေသည်။

အထက်ပါအတိုင်း ဖတ်ရှုရပြီးနောက် မဒရပ်ပါအပျိုတော်များအကြောင်းကို စာဖတ်သူများ သဘောပေါက် နားလည်၍ ရှင်းသွားလောက်ပါပြီ။ သို့သော် တကယ်အဖြစ်အပျက်၊ ကျွန်တော်၏အိပ်မက်နှင့် (ထိပ်စုဘုရားကြီး)တို့၏ အပြောမှ ကွဲလွဲမှုများကို ဆန်းစစ်ကြည့်ရပေမည်။

ကျွန်တော်၏ အိပ်မက်ထဲတွင် ကောင်းကင်တမန် နတ်သမီး ၈ ယောက်ဖြစ်နေသည်။ ပါတော်မူစဉ်က အရှင်နှစ်ပါးနှင့်အတူ ပါသွားသည့် အပျိုတော်ငယ်များမှာလည်း ၈ ယောက်ပင်ဖြစ်၏။ သို့ရာတွင် အမည်များ လွဲနေပါသည်။ ပါတော်မူစဉ်က ပါသွားသော အပျိုတော် ၈ ယောက်မှာ ဝသန်၊ ခါနွေ၊ တိမ်ပြာ၊ မိလ္လာ၊ ဇေဌာ၊ သောရီ၊ နန်းပေါ၊ နန်းထူး ဟူ၍ဖြစ်သည်။ ဒေါ်ကြန်၏ 'မဒရပ်ပါအပျိုတော်များစာရင်း' တွင် အပျိုတော် ၇ ဦးသာရှိပြီး မိလ္လာ၊ သောရီ၊ တိမ်ပြာ၊ ဝသန်၊ နန်းပေါ၊ မင်းလွင်နှင့် ဟောမန် ဟူ၍ဖြစ်နေပါသည်။

တစ်ထပ်တည်းကျသော အမည်များမှာ မိလ္လာ၊ သောရီ၊ တိမ်ပြာ၊ ဝသန်နှင့် နန်းပေါ ဟူ၍ ၅ ယောက်သာ ဖြစ်သည်။ လွဲနေသည့် အမည်များမှာ ခါနွေ၊ ဇေဌာ၊

mgyoe.com

mgyoe.com


မင်းလွင်၊ ဟောမန်နှင့် နန်းထူး ဟူသည့် ၅ ယောက် ဖြစ်၏။ ပါတော်မူစဉ်က ပါသွားသော အပျိုတော်စာရင်းမှ ခါနွေ၊ ဇေဌာ၊ နန်းထူးဟူသော အပျိုတော်သုံးယောက် အမည် မှာ ဒေါ်ကြန်၏ မဒရပ်ပါ အပျိုတော်စာရင်းတွင် မပါသကဲ့သို့၊ ဒေါ်ကြန်၏ မဒရပ်ပါ အပျိုတော်များစာရင်းမှ မင်းလွင်နှင့် ဟောမန်ဟူသည့် အမည်နှင့် အပျိုတော်များသည်လည်း ပါတော်မူစဉ်က ပါသွားသည့် စာရင်းတွင် မပါဝင်သည်ကို တွေ့ရပါသည်။

မည်သို့ပင် အမည်များ လွဲစေကာမူ နှစ်ပေါင်း ၁၂၈ နှစ်အတွင်းဖြစ်၍ မှတ်တမ်းမှတ်ရာ၊ ကွဲလွဲမှုအရ အမည်များ ကွဲလွဲခြင်းဖြစ်မည်ဟု ယူဆနိုင်ပါသည်။ သို့ရာတွင် ထို မဒရပ်ပါ အပျိုတော် ၇ ယောက် သို့မဟုတ် ၈ ယောက်တို့အနက် မိလ္လာ (ခေါ်)မေရီ၊ သောရီ (ခေါ်) အိဗလင်၊ တိမ်ပြာ (ခေါ်) ဩဂတ်စတာတို့ သုံးယောက်သာ ခရစ်ယာန်ဘာသာဝင်များ ဖြစ်သည်။ ကျွန်တော့် အိပ်မက်ထဲတွင်မူ ကောင်းကင်တမန်နတ်သမီးများသည် ၈ ယောက် ဖြစ်နေသည်။ မဒရပ်ပါအပျိုတော်များသည် ရတနာဂီရိသို့လည်း မရောက်ကြချေ။ မဒရပ်မှပင် မြန်မာပြည်သို့ ပြန်လာခဲ့ကြရသည်။ မန္တလေးမြို့၊ ရန်ကုန်မြို့နှင့် မော်လမြိုင်မြို့တို့တွင် နေထိုင်ကြရကြောင်း သိရပြီး၊ ထိုမြို့များတွင် ကွယ်လွန်ကြပေမည်။ ရတနာဂီရိတွင် တစ်ယောက်မျှ မကွယ်လွန်ပါ။

သို့သော် ကျွန်တော်၏ အိပ်မက်ထဲတွင် ရတနာဂီရိစံအိမ်တော်ကြီးရှေ့၌ ကျွန်တော့်အား လှည့်ပတ်ကနေကြသည့် ကောင်းကင်တမန် နတ်သမီးများမှာ ၈ ယောက် ဖြစ်နေပါသည်။

သို့ဖြစ်၍ ကျွန်တော်၏ အိပ်မက်သည် ထူးခြားသည့် အိပ်မက်မျှသာဖြစ်ပြီး အန်တီစု (ထိပ်စုဘုရားကြီး)၏ အမြင်သည် သူ့အတွေးအခေါ်မျှသာ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ဆောင်းတွင်းအိပ်မက် ကယောက်ကယက်ဟုလည်း ပြော၍ရသည်။ သို့သော် ဤသို့သော အိပ်မက်မျိုး တစ်ခါမှ မမက်ဖူးသကဲ့သို့ တိုက်တိုက်ဆိုင်ဆိုင်၊ ရတနာဂီရိသို့ မသွားမီည၊ မွန်ဘိုင်းတွင် အိပ်မက်မက်ခြင်း ဖြစ်သည်။ မက်သည်ကလည်း တစ်ညတည်း နှစ်ခါဆက်၍ မက်ခြင်းဖြစ်ပါသည်။ သံသရာကို ယုံကြည်သော ဗုဒ္ဓဘာသာဝင် တစ်ယောက်အနေဖြင့် ဘဝသံသရာ၏ ဆန်းကြယ်မှုများကိုကား ယုံကြည် လက်ခံပါသည်။

ထို့ကြောင့် ၂၀၁၆ ခုနှစ်ကုန်ပိုင်းတွင်၊ သီပေါမင်း နတ်ရွာစံရာပြည့်ပွဲ၊ ရတနာဂီရိတွင် ကျင်းပ၍ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

mgyoe.com

mgyoe.com


ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့နှင့်အတူ ဒုတိယအကြိမ် ရတနာဂီရိသို့ ရောက်ရစဉ်က ကျွန်တော်သည် သီပေါမင်း၏ စံအိမ်တော်ရှေ့ ကွင်းပြင်ထဲတွင် မြန်မာ ဗုဒ္ဓဘာသာဝင်ပီပီ ကောင်းကင်တမန် နတ်သမီး ၈ ယောက်အား ရည်မှန်းပြီး အမျှဝေလိုက်ပါသည်။ သူတို့က ခရစ်ယာန် နတ်သမီးများဖြစ်၍ အမျှရ,မရကို မပြောနိုင်သော်လည်း ပေးဝေသူအနေဖြင့် တာဝန်ကျေသည်ဟု ယူဆပါသည်။

ယခု ဤဆောင်းပါးကို ဆရာမကြီးဒေါ်ကြန် အသက်ရာပြည့် အထိမ်းအမှတ် စာစောင်အတွက် ရေးပေးလိုက်ရခြင်း ဖြစ်ပါသည်။ ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦး၊ အသက်ထင်ရှားရှိစဉ် သူ၏ ရာပြည့်အထိမ်းအမှတ် ကျင်းပသည်ဆိုသည်မှာ အလွန်ရှားပါသည်။ ကျွန်တော်တို့ လေးစားသော ဆရာမကြီးဒေါ်ကြန် သက်ရှိထင်ရှားရှိစဉ် ယခုကဲ့သို့ အထိမ်းအမှတ်အဖြစ် ပြုလုပ်နိုင်ခြင်းမှာ အလွန်အံ့ဩဂုဏ်ယူ ဝမ်းမြောက်ဖွယ်ရာပင် ဖြစ်ပါသည်။

လေးစားအပ်သော ဆရာမကြီးဒေါ်ကြန် သက်တော်ရာကျော် ရှည်ပါစေ။

❑

mgyoe.com

mgyoe.com

## ဆရာမဒေါ်ကြန်နှင့် ကျွန်တော်တို့မိသားစု

>>> စည်သူဒေါက်တာသော်ကောင်း

၁၉၅၅ ခုနှစ်၊ ဇွန်လ ရန်ကုန်တက္ကသိုလ် ပြန်လည်ဖွင့်ချိန်တွင် ဆရာမဒေါ်ကြန်ကို ကျွန်တော် စတင်တွေ့ခွင့်၊ သိခွင့်ရခဲ့သည်ကို အမှတ်တရရှိပါသည်။ ဆရာမ၏ အင်္ဂလိပ်စာ ကျူတိုရီရယ်အတန်းရှိ ကျောင်းသူ၊ ကျောင်းသား ၁၀ ဦးခန့်တွင် ကျွန်တော် ပါဝင်တက်ရောက် သင်ကြားခွင့်ရပါသည်။ ထိုအချိန်က ကျွန်တော့်အသက် ၁၉နှစ်ခန့်၊ ဆရာမက ကျွန်တော့်ထက် ၁၉ နှစ်ကြီး၍ အသက် ၃၈ နှစ်ခန့်၊ တစ်ပတ်တစ်ကြိမ် အင်္ဂလိပ်ဘာသာဖြင့် အက်ဆေးစာတမ်းလေးများ ကျွန်တော်တို့ရေးရပြီး ဆရာမက နောက်တစ်ချိန်တွင် ပြင်ဆင်ထား၊ အမှတ်ပေးထားတာကို ရှင်းပြ၊ အမှားအယွင်းပြင်ပေး၊ အတန်းထဲတွင် ကျောင်းသား ၁၀ ယောက်ခန့်သာရှိ၍ ဆရာမနှင့် စကားပြောမေးမြန်းခွင့် ရပါသည်။ ဆရာမက အသင်အပြကောင်းသည့်ပြင် စိတ်ရှည်စွာဖြင့် တပည့်များကို သင်ကြားပေးလေ့ရှိပါသည်။ တပည့်များကလည်း ဆရာမကို ခင်မင်လေးစားကြပါသည်။ တိုက်ဆိုင်မှုကမူ ဆရာမ အင်္ဂလိပ်စာနည်းပြ တစ်နှစ်ကျော် နှစ်နှစ်ခန့်သာ လုပ်ခဲ့ချိန်တွင် သူ၏တပည့်ဖြစ်ခဲ့ရခြင်းကို အမြဲဂုဏ်ယူဝမ်းမြောက်လျက်ရှိပါသည်။

ထိုစာသင်နှစ် ၁၉၅၅–၅၆ ခုနှစ်တွင် ကျွန်တော်က ဒုတိယနှစ်ကျောင်းသား။ ထိုနှစ် ဇန်နဝါရီလ၊ ၂၆ ရက်တွင် ဦးနုခေါင်းဆောင်သော ဖဆပလအစိုးရက မြန်မာ့

mgyoe.com

mgyoe.com





သမိုင်းကို မြန်မာပညာရှင်များကသာ ဦးဆောင်ပြီး မြန်မာအထောက်အထားများကို အဓိကကိုးကား အသုံးချလျက် မြန်မာနိုင်ငံ၏သမိုင်းကို မြန်မာ့အမြင်ဖြင့် အသစ်ပြန်ရေးရန် မြန်မာ့သမိုင်းကော်မရှင်ကို စတင်ဖွဲ့စည်းပါသည်။ ဤလုပ်ငန်းကို ဝန်ကြီးချုပ်ဦးနုနှင့် ဝန်ကြီးအဖွဲ့က ကျွန်တော့်ဖခင် ပညာမင်းကြီး စည်သူဦးကောင်းကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးပြီး ဝန်ကြီးချုပ်ရုံး လက်အောက်တွင် တိုက်ရိုက်ထားရှိပါသည်။ ဤအရေးကြီးသောလုပ်ငန်းကို ဆောင်ရွက်ရာတွင် ကျွန်တော့်ဖခင်က ဝန်ကြီးချုပ်ဦးနု၊ သူ၏အတွင်းဝန် ဦးသန့်တို့နှင့် တိုင်ပင်ညှိနှိုင်း အကောင်အထည် ဖော်ရပါသည်။ သမိုင်းကော်မရှင်တွင် ရန်ကုန်တက္ကသိုလ်က သမိုင်းပါမောက္ခ နှစ်ဦးအပြင် ဦးသိန်းဟန် (ဆရာဇော်ဂျီ)၊ ဦးဝန် (မင်းသုဝဏ်)၊ ဦးမျိုးမင်း (နွယ်စိုး) တို့လည်း ပါဝင်ပါသည်။ အားလုံးမှာ ဖခင်၏မိတ်ဆွေ သူငယ်ချင်းများ ဖြစ်ကြသည်။

ပထမဦးဆုံး ဆောင်ရွက်ရသည့် လုပ်ငန်းတွင် သမိုင်းသုတေသန ပြုလုပ်ရန် ဝန်ထမ်းများ ခန့်ထားခြင်းဖြစ်၍ ထို ၁၉၅၅ ခုနှစ်မှာပင် ပြည်သူ့ဝန်ထမ်း ခန့်အပ်ရေးကော်မရှင် (Public Service Commission-PSC) (ယခု ပြည်ထောင်စုရာထူးဝန်အဖွဲ့-UCSB) မှ ကြေညာခေါ်ယူကာ စာမေးပွဲများကျင်းပပြီး လူတွေ့စစ်ဆေး မေးမြန်း

mgyoe.com

mgyoe.com


ခြင်း ပြုလုပ်ပါသည်။ ထိုစာမေးပွဲကို ဆရာမဒေါ်ကြန် ဝင်ဖြေသည်ကို ခန့်ပြီးမှ သိရပါသည်။ အမှတ်အများဆုံးရသည့်အထဲတွင် ဒေါ်ကြန် ပါဝင်ပါသည်။

လူတွေ့စစ်ဆေးမေးမြန်းခြင်းတွင် PSC အဖွဲ့ဝင်လူကြီးများနှင့်အတူ သက်ဆိုင်ရာဌာန အကြီးအကဲများလည်း ပါဝင်လေ့ရှိရာ ကျွန်တော့်ဖခင် တက်ရောက်ပါသည်။ ဖခင်က ဒေါ်ကြန်ကို သုတေသန အရာရှိအဖြစ် ခန့်ရန် လျာထားပြီးဖြစ်သောကြောင့် မည်သည့်မေးခွန်းမျှ မမေးမြန်းခဲ့ကြောင်း သိရပါသည်။

ဒေါ်ကြန်၏ ရေးသားချက်တစ်ခုထဲတွင် ဦးကောင်းက မိမိကို အာမခံချက်တစ်ခုသာ တောင်းသည်။ သမိုင်းသုတေသနတွင် အလုပ်ခန့်ပြီးမှ သင်ကြားရေးဘက်ကို ပြန်မသွားဖို့၊ စွဲစွဲမြဲမြဲလုပ်ဖို့ ပြောပါသည်။ ဒေါ်ကြန်ကလည်း လုပ်ပါမည်ဟု ကတိပေးခဲ့ရာ ထိုကတိအတိုင်း သူအသက် ၆၀ အငြိမ်းစားယူသည်အထိ ဤလုပ်ငန်းကို စိတ်ပါဝင်စားစွာ တစိုက်မတ်မတ် သုတေသနစာတမ်းများ ပြုစုရေးသားခြင်း၊ ဟောပြောခြင်း၊ လုံးချင်းစာအုပ် အမြောက်အမြားရေးသားပြီး စာပေဆုအသီးသီး အများဆုံးရရှိခဲ့သည့် သမိုင်းပညာရှင်တစ်ဦး ဖြစ်လာပါသည်။

ဆရာမ၏ ပြောပြချက်အရ နောက်ထပ်သိရသည့် ကိစ္စတစ်ခုမှာ သူတက်ရောက်နေသည့် မဟာဝိဇ္ဇာ (သမိုင်း) ဘာသာရပ် ပြီးဆုံးအောင်မြင်သည်အထိ အလုပ်ဝင်ပြီး ပညာဆက်လက် သင်ကြားခွင့်၊ ကျမ်းပြုစုခွင့် ပေးပါရန် ဖခင်ထံ အလုပ်မခန့်ခင် တောင်းဆိုခဲ့ရာ ပညာရေးကို တစ်သက်လုံးအားပေးခဲ့သည့် ကျွန်တော့် ဖခင်က လွယ်လွယ်ကူကူပင် ခွင့်ပြုလိုက်ကြောင်း ဖြစ်ပါသည်။

ဒေါ်ကြန်နှင့် ကျွန်တော့်ဖခင်တို့ စတင်တွေ့ခဲ့သည်မှာ သူ ၁၀ တန်းကျောင်းသူ အသက် ၁၆ နှစ်ခန့်ကတည်းကပင် ဖြစ်ပါသည်။ ဖခင်က ၁၉၃၄–၃၅ တစ်နှစ်ကျော် ရခိုင်ပြည်နယ်၌ ပညာဝန်အဖြစ် တာဝန်ယူစဉ် ဒေါ်ကြန် တက်ရောက်သင်ကြားနေသည့် သံတွဲမြို့ အစိုးရအထက်တန်းကျောင်းသို့ သွားရောက်စစ်ဆေးရာ ၁၀ တန်း စာသင်ခန်းတွင် သင်္ချာပုစ္ဆာတစ်ပုဒ်ကို မေးမြန်းသည်။ ဒေါ်ကြန်တစ်ယောက်သာ ကျောင်းသား ကျောင်းသူများအတွင်းမှ ရဲရဲဝံ့ဝံ့ မတ်တတ်ရပ်ပြီး ဖြေဆိုနိုင်ခဲ့ကြောင်း သိရပါသည်။

ထိုအချိန်က ကျွန်တော့်ဖခင်မှာ အသက် ၃၀ ခန့်ဖြစ်ပြီး ဒေါ်ကြန်ကို ဘီအီးဒီ၊ တီတီစီ ဆရာအတတ်သင် ကောလိပ်သို့တက်ပြီး ကျောင်းဆရာမ လုပ်စေချင်ကြောင်း အကြံပြုသည်။ သို့ရာတွင် ဒေါ်ကြန်၏ မုဆိုးမမိခင်သည် သူ့ကို တက္ကသိုလ်တက်ဖို့

mgyoe.com

mgyoe.com

မလွှတ်နိုင်၊ သူ အလုပ်ဝင်လုပ်ရတော့သည်။ သံတွဲစာတိုက်တွင် အလုပ်လုပ်၊ ငွေစုပြီး၊ ဂျပန်ခေတ်နောက်ပိုင်း ရန်ကုန်တက္ကသိုလ် ပြန်ဖွင့်ပြီး ၁၉၅၁ ခုနှစ်ရောက်မှ တက္ကသိုလ် ပညာ ဆက်လက်သင်ကြားနိုင်၏။ ပညာကို တန်ဖိုးထားလျက်၊ ဇွဲလုံ့လအပြည့်၊ မလျှော့သော ကြိုးစားမှုဖြင့် သမိုင်းဘာသာရပ် မဟာဝိဇ္ဇာဘွဲ့ကို ၁၉၅၈ ခုနှစ်တွင် ဆွတ်ခူးနိုင်ခဲ့ပါသည်။

ဒေါ်ကြန်၏အောင်မြင်မှုကို ကျွန်တော့်ဖခင် မမြင်သွားရရှာပါ။ ဆရာမအလုပ် တွင်ဝင်ပြီး နောက်တစ်နှစ် ၁၉၅၇ ခုနှစ်၊ ဖေဖော်ဝါရီလ အသက် ၅၂ နှစ်တွင် ဖခင်ဖြစ်သူ ရုတ်တရက် ကွယ်လွန်သွားပါသည်။ အဖေက ဒေါ်ကြန်ကို သမိုင်းသုတေသန ပြုလုပ်ရန် အလုပ်ခန့်ခဲ့သည်။ သုတေသနပြုစုနည်း သင်ပေးခဲ့သည်။ ယခု အသက် ၁၀၀ ပြည့်ပါတော့မည်။ ဒေါ်ကြန်ရေးခဲ့သည့် သုတေသနဆောင်းပါးများ များစွာရှိသည်။ စာပေါင်းချုပ် ပြုစုထုတ်ဝေဖို့ အချိန်ရောက်နေပါပြီ။ အဖေသာသိရှိလျှင် များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပေမည်။ မြန်မာ့သမိုင်းကော်မရှင်ရုံး ဖွင့်ခါစက ရန်ကုန် တက္ကသိုလ်ဝင်း ယခု ပါဠိဌာနနေရာတွင် ထားရှိသည်။ ကျွန်တော်က နံနက်တိုင်း ဖခင်နှင့် ရန်ကုန်တက္ကသိုလ်ဝင်းထဲ လိုက်သွားပြီး နေ့လည်စာကို အိမ်ကယူလာသည့် ထမင်းဘူးနှင့် အဖေ့ရုံးခန်းတွင်ပင် စားသည်။ အားသည့်အခါ အဖေ့ရုံးတွင် စာဖတ် လေ့ရှိသည်။ ဤတွင် လုပ်ငန်းခွင် စဝင်ကာစ ဆရာမဒေါ်ကြန်နှင့် ကျွန်တော်တို့ ပြန်တွေ့ကြသည်။

ဆရာမဒေါ်ကြန်ကို ကျွန်တော့်ဖခင်က သူ ၁၀ တန်းကျောင်းသူအနေဖြင့် စတွေ့စဉ်က ဉာဏ်ထက်မြက်သောကြောင့် ဆရာမလုပ်ဖို့ တိုက်တွန်းခဲ့သည်။ ဆရာမ ကို ဖခင် ဒုတိယအကြိမ် တွေ့ဆုံသည့်အခါ၌ မြန်မာ့သမိုင်းကော်မရှင်မှာ သုတေသန အရာရှိအဖြစ် ခန့်အပ်ခဲ့ပြီး သုတေသနပြုလုပ်နည်းများ သင်ကြားပေးခဲ့သည်။ ဤဖြစ်ရပ်သည် ဒေါ်ကြန်၏ဘဝကို တိုးမြင့်ကျော်ကြားစေရန် မြေတောင်မြှောက်ပေး လိုက်သလို ဖြစ်သွားပါသည်။ မြန်မာသမိုင်း ပညာရပ်အတွက်လည်း များစွာ အကျိုး ဖြစ်ထွန်းစေပါသည်။ ဒေါက်တာသန်းထွန်း မကြာခဏ ပြောလေ့ရှိသည်မှာ ဒေါ်ကြန် တို့၊ ဒေါက်တာရီရီတို့လို သမိုင်းသုတေသီမျိုး သူ့တစ်သက်မှာ ထပ်တွေ့ဖို့မရှိတော့၊ သူတို့လို ဇွဲလုံ့လနှင့် ကြိုးစားလေ့လာနိုင်၊ ဖတ်ကြားနိုင်၊ ရေးသားနိုင်တဲ့ သမိုင်း ပညာရှင်များ ထပ်မံမပေါ်ထွန်းနိုင်တော့ဟု ဆရာက ပြောခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင်

mgyoe.com

mgyoe.com


၁၉၅၉ ခုနှစ်မှစ၍ နှစ်ပေါင်း ၄၀ နီးပါး ကျွန်တော်အလုပ်လုပ်ခဲ့ရာ ဒေါ်ကြန်နှင့် ဒေါက်တာရီရီတို့သည် မကြာခဏ စာကြည့်တိုက်သို့လာပြီး တစ်နေကုန် စာဖတ်ကြပါသည်။ ဆရာမက ရခိုင်–မြန်မာ ဗုဒ္ဓဘာသာ၊ ဆရာမ၏ ခင်မင်ဆုံးမိတ်ဆွေလည်းဖြစ်၊ လုပ်ဖော်ကိုင်ဖက်လည်းဖြစ်သူ ဒေါက်တာရီရီမှာ မြန်မာ–မူဆလင်၊ နှစ်ယောက်စလုံး အိမ်ထောင်မပြုကြ၍ အလုပ်အတွက် အချိန်ပိုပေးနိုင်ပါသည်။ စာကြည့်တိုက်ဝန်ထမ်းတွေနှင့်လည်း ခင်မင်ကြပါသည်။ လွန်ခဲ့သည့် နှစ်နှစ်လောက်အထိ ကျွန်တော့်မွေးနေ့တွင် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ဝန်ထမ်းများက ကန်တော့လေ့ရှိရာ ဆရာမကြီး ဒေါ်ကြန်ကိုလည်း သွားကြိုပြီး ပြင်ပဧည့်သည်အနေဖြင့် ဆရာမကြီးတစ်ဦးတည်းကိုသာ ဖိတ်ခေါ်ကန်တော့ကြပါသည်။

ဆရာမကို စတင်သိကျွမ်းသည့် ၁၉၅၅ ခုနှစ်ကစ၍ ဆရာမသည် ပိန်ပိန်ပါးပါး၊ ဖျတ်ဖျတ်လတ်လတ်၊ ဉာဏ်ပညာပြည့်ဝပြီး အမြဲတမ်း ခင်မင်ပျူငှာစွာ ပြောဆိုဆက်ဆံလေ့ရှိသော ပညာရှင်အဖြစ် ကျွန်တော် မှတ်မိနေပါသည်။ ဆရာမက တစ်သက်လုံးပုံပန်းသဏ္ဌာန် သိပ်မပြောင်းခဲ့။ ဗဟုသုတကြွယ်ဝသူဖြစ်သဖြင့် ကိုယ်မသိသည့်အကြောင်းအချက်များကို မေး၍ရသည်။ မေးသည့်အခါတိုင်း စိတ်ရှည်လက်ရှည်ပြည့်ပြည့်စုံစုံ ဖြေကြားပေးလေ့ ရှိပါသည်။

ကျွန်တော့်မိခင် ဒေါ်သိန်းနှင့်လည်း ဒေါ်ကြန်က ခင်မင်ရင်းနှီးခဲ့သည်။ အမေ့ထံဆရာမ လာလည်လေ့ရှိသည်။ အမေကလည်း ဒေါ်ကြန်အတွက် ပါတိတ်ထမီများဝယ်ထားပြီး မကြာခဏ လက်ဆောင်ပေးခဲ့ပါသည်။ ဒေါ်ကြန်က ပါတိတ်ဝတ်လေ့မရှိသော်လည်း အမေ့ထံလာသည့်အခါ အမေ စိတ်မကောင်းဖြစ်မှာစိုး၍ ဝတ်လာလေ့ရှိသည်။

နောက်ပိုင်းတွင် ကျွန်တော်သည် ဆရာမနှင့်အတူ စာပေဆုအသီးသီးအတွက် စာအုပ်စာမူများ အတူတူဖတ်ရှု စိစစ်ရွေးချယ်ခဲ့ကြပြီး အမျိုးသားစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ပခုက္ကူစာပေဆု စသဖြင့် ဆုရွေးချယ်ရေး အဖွဲ့အစည်းများ၌တွေ့ဆုံကြသည်။ ကျွန်တော်က တစ်ကြိမ်တစ်ခါတုန်းက မြန်မာစာအဖွဲ့ ပြန်လည်ဖွဲ့စည်းရန် မြန်မာစာအဖွဲ့၏ အတွင်းရေးမှူးအဖြစ် တာဝန်ပေးခြင်းခံရသဖြင့် ဆရာမဒေါ်ကြန်ကို မြန်မာစာအဖွဲ့၏ အဓိကပညာရှင် အဖွဲ့ဝင်အနေဖြင့်လည်း နှစ်ပေါင်းများစွာ တွေ့ကြဆုံကြသည်။ ဆရာမသည် အသက် ၁၀၀ ယခုအထိ မြန်မာစာအဖွဲ့၏အဖွဲ့ဝင်ဖြစ်ပြီး ရာသက်ပန်လစဉ် ဉာဏ်ပူဇော်ခ ချီးမြှင့်နေဆဲ ဖြစ်ပါသည်။

mgyoe.com

mgyoe.com

စာပေဆုအတွက် စာအုပ်များ၊ စာမူများ စိစစ်လေ့လာရာတွင် ဆရာမက အလွန်တိကျ စေ့စပ်သေချာသည်။ အကိုးအကားများ၊ အောက်ခြေမှတ်စု၊ ကျမ်းကိုးစာရင်းများ ပါမှ ဆုပေးရန် ရွေးချယ်လေ့ရှိသည်။ စာရေးဆရာ အချို့သည် ဤကဲ့သို့ စနစ်တကျ မရေးတတ်သောကြောင့် ဦးမျိုးသန့် (မောင်ဆုရှင်) က ဆရာမကို သုတေသနပြုစုနည်း၊ စာတမ်းစာအုပ် ပြုစုနည်းများ စနစ်တကျ ရေးနိုင်အောင် လက်စွဲစာအုပ်ရေးဖို့ မေတ္တာရပ်ခံ၍ ဒေါ်ကြန် ရေးခဲ့ဖူးသည်။ ဆရာမနှင့် အများဆုံး တွေ့လေ့ရှိသည့် နေရာမှာ စာပေဗိမာန်တွင် ဖြစ်ပါသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ ခန့်မှစ၍ စာပေဗိမာန်၏ စာပေလုပ်ငန်းများကို ပါဝင်လာပြီး ဆောင်ရွက်ပေးခဲ့ရာ စာတည်းမှူးချုပ် ဦးထင်ကြီး၊ ဒေါ်အုန်းကြည်၊ ဦးမျိုးသန့်တို့နှင့်အတူ ရင်းနှီးခင်မင်ခဲ့ကြပါသည်။ ဒေါ်အုန်းကြည် စာတည်းမှူးလုပ်စဉ် ၁၉၈၄ ခုနှစ်တွင် ရည်ညွှန်းစာပေ စာတမ်းဖတ်ပွဲ ကျင်းပခဲ့ရာ ဆရာမနှင့် ကျွန်တော် စာတမ်းများ ပြုစုတင်သွင်း ဖတ်ကြားခဲ့ကြသည်။ ကျွန်တော်က 'ရည်ညွှန်းစာအုပ်'ဟူသည် စာတမ်းကို တင်သွင်းပြီး ဆရာမက 'မှတ်တမ်းမှတ်ရာ ရည်ညွှန်းစာအုပ်များ' စာတမ်းကို တင်သွင်းခဲ့ပါသည်။

အခြားစာပေလုပ်ငန်းများမှာလည်း ဆရာမနှင့်အတူတူ လုပ်ကိုင်ခဲ့ဖူးပါသည်။ ဥပမာ–ဆူးလေစေတီတော်မြတ် သမိုင်းပြုစုရေးအဖွဲ့တွင် မောင်ဆုရှင်နှင့် ကျွန်တော်တို့ နှစ်ယောက်ကို အဖွဲ့ထဲတွင်ထားသဖြင့် ထိုအချိန်က တစ်လတစ်ခါ ဘုရားဂေါပက အဖွဲ့ရုံးမှာ တွေ့ကြသည်။ ဆရာ ဦးသန်းထွတ် (တိုက်စိုး)၊ ဦးအေးချို (မဟာဝိဇ္ဇာ)တို့လည်း ပါဝင်ပါသည်။

ထူးခြားသည့် ဖြစ်ရပ်တစ်ခုမှာ ဆရာမနှင့်ကျွန်တော် စည်သူဘွဲ့ကို ၂၀၁၀ ပြည့်နှစ်တွင် တစ်နှစ်တည်း၌ နိုင်ငံတော်က ချီးမြှင့်ခြင်း ခံရပါသည်။ သို့ရာတွင် ကျွန်တော်တို့ နှစ်ယောက်စလုံး သမ္မတကြီးကိုယ်တိုင် ပေးအပ်သည့် အခမ်းအနားကို မတက်ရောက်ဖြစ်ပါ။ နောက်မှ အိမ်တိုင်ရာရောက် ဘွဲ့တံဆိပ် လာပေးပါသည်။ ဆရာမ ဒေါ်ကြန်နှင့် ပတ်သက်၍ အမှတ်တရရေးသားရန် အမြောက်အမြား ရှိပါသည်။ နှစ်ပေါင်း ၆၀ ကျော် အတူတူလုပ်ကိုင်ခဲ့၊ ခင်မင်ရင်းနှီးခဲ့ကြသောကြောင့် ရေး၍ မကုန်ပါ။ သို့သော် ဆောင်းပါးလည်း အတော်ရှည်နေပြီဖြစ်ရာ နိဂုံးမချုပ်ခင် ကျွန်တော့်သား သုံးယောက်အနက် သားလတ် ဒေါက်တာသန့်သော်ကောင်းနှင့် သားငယ် မြတ်သော်ကောင်းတို့ ဆရာမကြီးနှင့် ဆရာမ၏တူသား ဘိုဘို (ဒေါက်တာသန်းထွန်း အောင်) တို့လည်း ခင်မင်ကြသည်ကို ဖော်ပြလိုပါသည်။ သန့်သော်ကောင်း၏

mgyoe.com

Myanmar Book Center က ဆရာမရေးသားသည့် စာအုပ်တစ်အုပ် ထုတ်ဝေခဲ့ရာတွင် အမျိုးသားစာပေဆု ရရှိခဲ့ပါသည်။ ထိုအချိန်က ထုတ်ဝေသူမှတ်ပုံတင် လျှောက်မရ၍ မှတ်ပုံတင်ငှားပြီး ထုတ်ခဲ့ရသည်ကို မှတ်မိနေပါသည်။

သားငယ် မြတ်သော်ကောင်းသည် လန်ဒန်တွင် စာရင်းအင်းပညာ ငါးနှစ်ကျော် သင်ခဲ့စဉ် ဆရာမ၏တူသား ဘိုဘိုနှင့် ခင်မင်ကြသည်။ ထိုအတောအတွင်း ဆရာမ လန်ဒန်သို့ လာလည်သဖြင့် သူတို့နှစ်ယောက် ဆရာမကို လိုက်ပို့ခဲ့ကြသည်။ ဒေါ်ကြန်က လန်ဒန်သို့ ၁၉၅၇ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၅၉ ခုနှစ်တွင် ဒုတိယအကြိမ်၊ ကျွန်တော့်ဖခင် စီစဉ်ခဲ့သည့်အတိုင်း အင်္ဂလန်မှ မြန်မာ့သမိုင်း အထောက်အထားများ ကူးယူရေးအတွက် အိန္ဒိယရုံးစာကြည့်တိုက်နှင့် မော်ကွန်းတိုက် [India Office Library and Records၊ (နောက်ပိုင်း British Library)] သို့ သွားရောက်ဖူးပြီး ဖြစ်ပါသည်။

လွန်ခဲ့သည့် ၁၀ နှစ်ခန့်က ဆရာမက သူမ၏ဇာတိမြို့ သံတွဲတွင် စတင်တည်ထောင်သည့် ဘိုးဘွားရိပ်သာတွင် ဘုရားဝတ်ပြုဆောင် လှူဒါန်းပါသည်။ ကျွန်တော်တို့ မိသားစုကလည်း မကြာခဏ ငပလီသို့သွားလေ့ရှိရာ ဆရာမစီစဉ်ပေး၍ ယင်းဘိုးဘွားရိပ်သာတွင် လှူလေ့ရှိပါသည်။ ကျွန်တော့်မိခင် ကွယ်လွန်ပြီးနောက် ကွယ်လွန်သည့်နေ့တိုင်း တစ်နှစ်တစ်ကြိမ် ယင်းဘိုးဘွားရိပ်သာတွင် တစ်နေ့တာ ဘိုးဘွားများကို ကျွေးမွေးရန် ငွေပဒေသာပင် စိုက်ထူထားပါသည်။

ဆရာမကြီး ဒေါ်ကြန်နှင့် ကျွန်တော်တို့မိသားစုသည် နှစ်ပေါင်း ၆၀ ခန့် ရင်းနှီးခင်မင်ခဲ့ကြပါသည်။ ဤဘဝတွင် ဆရာမကြီးနှင့် ကျွန်တော်တို့မိသားစု ရေစက်ဆုံခဲ့ရာ နောင်ဘဝများတွင်လည်း ဆက်လက်ပြီး ရေစက်ဆုံခွင့် ရပါစေကြောင်း မေတ္တာပို့ ဆုတောင်းလျက် ဆရာမကြီး၏ ရာပြည့်မွေးနေ့ကို ဂုဏ်ပြု နှုတ်ဆက်အပ်ပါသည်။

ကိုးကားချက်။ ။

ဒေါ်ကြန်၊ "ကျွန်မသိသော ဦးကောင်း"၊ ပညာတန်ဆောင် အတွဲ (၅၃)၊ အမှတ် (၁၁) (နိုဝင်ဘာ၊ ၂၀၀၄) နှင့် စည်သူဦးကောင်း နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် (၁၉၀၄-၂၀၀၄)။ ရန်ကုန်၊ ပညာတန်ဆောင် အထူးစာစဉ်၊ ယုံကြည်ချက်စာပေ၊ ၂၀၀၆။ စာ-၁၂၆၊၁၃၃။

ဒေါ်ကြန်၊ "တစ်နှယ်ငင် တစ်စင်တွယ်ရသည့် သံယောဇဉ်များ"၊ ဦးသော်ကောင်း ၇၅ နှစ်ပြည့် အထိမ်းအမှတ် မှဒိတာစာစု၊ စီစဉ်သူ ခင်နှင်းဦး၊ မြင့်ကြိုင်၊ မောင်ဇေယျာ။ ရန်ကုန် Myanmar Book Center/ ၂၀၁၂။ စာ-၉၉ ၁၀၅။ ❑

mgyoe.com


## ရာပြည့်သမိုင်းပညာရှင်ကြီး ဒေါ်ကြန်နှင့် သမိုင်းရှာပုံတော်ခရီး

### ➤➤➤ ဒေါက်တာကျော်ဝင်း (ရန်ကုန်တက္ကသိုလ်)

မြန်မာ့သမိုင်းပညာရှင်များတွင် အသက်အရှည်ဆုံး ပညာရှင်မှာ ဆရာမကြီး ဒေါ်ကြန်ပင်ဖြစ်သည်။ အသက် ၁၀၀ ပြည့်တော့မည်ဖြစ်၍ ဆရာမကြီးကို ကြည်ညို သူ၊ လေးစားသူများက ရာပြည့်မွေးနေ့ပွဲ ကျင်းပရန် စိုင်းပြင်းနေကြသည်။ ဆရာမကြီး ဒေါ်ကြန်နှင့် ကျွန်တော်သည် ဂုဏ်ထူးတန်း ကျောင်းသားဘဝကပင် တွေ့ဆုံဖြစ်ခဲ့ကြ သည်။ တွေ့ဆုံခဲ့သည့် နေရာမှာ ကွယ်လွန်သွားပြီ ဖြစ်သော ဆရာကြီး ဒေါက်တာသန်း ထွန်း၏ ရုံးခန်းတွင် ဖြစ်သည်။ ဆရာကြီး ဒေါက်တာသန်းထွန်းနှင့် ဆရာမကြီး ဒေါ်ကြန်တို့ သမိုင်းသုတေသန အကြောင်းအရာတို့ကို ဆွေးနွေးကြသည်များကို ဘေးမှ နားထောင်ရသည့် အခါတိုင်းတွင် ကျွန်တော့်အဖို့ သမိုင်းဘာသာရပ်၏ တန်ဖိုးကို နားလည် သဘောပေါက်ရသည်။ သမိုင်းသုတေသန လုပ်ပုံလုပ်နည်းကိုလည်း နား လည်ခွင့် ရခဲ့သည်။

ဂုဏ်ထူးတန်းအောင်မြင်ပြီး ရန်ကုန်တက္ကသိုလ် သမိုင်းဌာနတွင် ကျူတာပေါက် စဖြစ်လာပြီး နောက်ပိုင်းတွင်လည်း ဆရာမကြီးဒေါ်ကြန်နှင့် တွေ့ဆုံခွင့်ရပြီး ဆရာမကြီး ထံမှ သမိုင်းပညာရပ်နှင့် ပတ်သက်ပြီး ဆည်းပူးစရာ အခွင့်အရေးများ ရခဲ့သည်။ ဆရာမကြီး ဖတ်ကြားခဲ့သော သုတေသနစာတမ်းများ၊ သုတေသန ဆောင်းပါးများကို ဖတ်ရှုလေ့လာပြီး အတုခိုးခဲ့ရသည်။

mgyoe.com

mgyoe.com


ဆရာမကြီး၏ သမိုင်းဘာသာရပ်အပေါ် ထားရှိသောအမြင်ကို သိရှိခွင့်ရသော အခါ ပို၍ကြည်ညို လေးစားမိသည်။ ဆရာမကြီးက–

"သမိုင်းဆိုတာကြီးက ဘာမှန်းလဲမသိဘူး၊ ရှုပ်ပါတယ်၊ ကျက်ရမှတ်ရတာတွေ များလိုက်တာဟု ညည်းညူ ပြောကြသံတွေ ကြားရသည်။ သမိုင်းဆိုတာက အိပ်ဆေးပဲ၊ သမိုင်းစာအုပ် ကောက်ကိုင်လိုက်ရင် ဒိုင်ယာဇီပင် မလိုဘူး၊ အိပ်ပျော်သွားတာပဲ၊ စိတ်မဝင်စားပါဘူးဟု ပြောဆိုကြသံတွေလည်း ကြားရပါသေးသည်။ စိတ်မဝင်စား လျှင်လည်း ဝင်အောင် ကြိုးစားရမှာပေါ့" ဟူ၍ ဆရာမကြီးက မှတ်ချက်ပြုခဲ့သည်။

ဆက်လက်ပြီး ဆရာမကြီးက သမိုင်းကို စိတ်ဝင်စားအောင်ရေးရန်၊ သင်ကြား ပေးရန် သမိုင်းဆရာများတွင် တာဝန်ရှိကြောင်း၊ စိတ်ဝင်စားအောင် ရေးရမည် ဆိုသော် လည်း ဒဏ္ဍာရီများနှင့် ရောထွေးရေးလျှင် သမိုင်းမဟုတ်ကြောင်း၊ မမှန်တော့ကြောင်း၊ သမိုင်းရေးဆရာနှင့် ဝတ္ထုရေးဆရာ မတူကြောင်း သမိုင်းရေးဆရာသည် ဝတ္ထုရေးဆရာ ကဲ့သို့ မလွတ်လပ်ကြောင်း၊ စိတ်ဝင်စားအောင် ရေးရမည်ဆိုသော်လည်း သမိုင်းကိုလွမ်း အောင် ရေး၍မရကြောင်း၊ ရယ်ရအောင်လည်း ဟာသမနှောနိုင်ကြောင်း၊ ဇာတ်ကွက် ဇာတ်လမ်း ဆင်၍မရ၊ အရောင်ဆိုး၍လည်း မရကြောင်း၊ စေတနာပို၍လည်းမဖြစ်၊ မုန်းလို့သနားလို့လည်း မရကြောင်း၊ အထောက်အထား အချက်အလက်ပေါ်မှာ မူတည် ပြီး ရေးရကြောင်း၊ ၎င်းစည်းကမ်းချက်များကို မသွေမဖည်ဘဲ သမိုင်းကို အိပ်မပျော် အောင်၊ သမိုင်းကို ဖတ်ပျော်အောင်ရေးရန် ကြိုးစားရမည်ဖြစ်ကြောင်း မိန့်ဆိုခဲ့သည်မှာ သမိုင်းသင်ကြားသူများရော၊ သမိုင်းရေးသူများအတွက်ပါ အလွန်အကျိုးရှိသော လမ်း ညွှန်အမှာစကားများ ဖြစ်ပါသည်။

ဆရာမကြီးဒေါ်ကြန်သည် သူမ၏ လမ်းညွှန်အမှာ စကားများနှင့်အညီ ကျမ်း ကြီး ကျမ်းခိုင်များကိုလည်း ရေးသားသည်။ သမိုင်းစာတမ်းငယ်များ၊ ဆောင်းပါးများကို လည်း ရေးသားသည်။ ထိုကျမ်းများ၊ စာတမ်းငယ်များ၊ ဆောင်းပါးများဖြင့် သမိုင်းကို စိတ်ဝင်စားလာအောင်၊ ဆက်လက်ဖတ်ရှု လေ့လာလိုအောင် ဆွဲဆောင်ရန် ကြိုးပမ်းခဲ့ သည်။ ဆရာမကြီး ဒေါ်ကြန်က သမိုင်းစာတမ်းငယ်များ၊ ဆောင်းပါးများကို အထည် ချုပ်လျှင် ထွက်လာသော ဖြတ်စညှပ်စများနှင့်တူကြောင်း၊ သုံးတတ်လျှင် သုံးတတ် သလောက် တန်ဖိုးရှိကြောင်း၊ ကျမ်းကြီးကျမ်းခိုင်များ ရေးသားရန် ရှာဖွေစုဆောင်း စီစဉ်ရာမှ ထွက်ပေါ်လာသော တန်ဖိုးရှိသမိုင်း အချက်အလက်များကို အခြေခံပြီး သမိုင်းစာတမ်းငယ်များ ရေးသားခြင်းဖြစ်ကြောင်း အဆိုအမိန့် ရှိခဲ့သည်။

mgyoe.com

mgyoe.com


ဆရာမကြီးဒေါ်ကြန်သည် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် ကျူတာလုပ်ပြီးနောက် ကော်မရှင် (ယခုသမိုင်းသုတေသနဦးစီးဌာန) တွင် အကြီးတန်း သုတေသနမှူးအဖြစ် အမှုထမ်းဆောင်ခဲ့သည်။ ကုန်းဘောင်ခေတ်နှင့် ဗြိတိသျှခေတ်ဆိုင်ရာ မြန်မာ့သမိုင်းကို တာဝန်ယူ လေ့လာရသည်။ ထိုစဉ်က သမိုင်းကော်မရှင် ဆောင်ပုဒ်မှာ "ရှာဖွေ–စုဆောင်း၊ စုဆောင်း–ရေးသား၊ ရေးသား–ပုံနှိပ်" ဟူ၍ ဖြစ်သည်။ သို့ဖြစ်၍ ဆရာမဒေါ်ကြန်သည် သမိုင်းအထောက်အထားများကို ပြည်တွင်းရော ပြည်ပမှာပါ ရှာဖွေခဲ့သည်။ လန်ဒန်မြို့ အိန္ဒိယနိုင်ငံဆိုင်ရာ မှတ်တမ်းရုံး ပိဋကတ်တိုက်ရှိ ကိုလိုနီနိုင်ငံများဆိုင်ရာ အစိုးရမှတ်တမ်းမှတ်ရာ စာအုပ်များမှ သမိုင်းအထောက်အထားများကို ရရှိနိုင်သမျှ မိုက်ကရိုဖလင် ရိုက်ခဲ့သည်။ ဆရာမကြီး ရိုက်ကူးခဲ့သော ဗြိတိသျှမှတ်တမ်းများဆိုင်ရာ မိုက်ကရိုဖလင်များသည် ယနေ့ထက်တိုင် သမိုင်းသုတေသနဦးစီးဌာနအတွက် အသုံးတည့်လျက်ရှိသည်။

ဆရာမကြီးဒေါ်ကြန်သည် လန်ဒန်သို့ နှစ်ကြိမ်တိုင်တိုင် သွားရောက်ခဲ့သည်။ ပထမအကြိမ်တွင် တစ်ဦးတည်း သွားရောက်ခြင်းဖြစ်ပြီး ဒုတိယအကြိမ်တွင် ဒေါက်တာ ရီရီနှင့် သွားရောက်ခဲ့သည်။ ဒုတိယအခေါက်တွင် ဆရာမကြီးဒေါ်ကြန်နှင့် ဒေါက်တာရီရီတို့သည် ဝိတိုရိယနှင့် အဲလ်ဘတ်ပြတိုက်မှ မြန်မာမင်းခမ်းတော်များကို သွားရောက် ဓာတ်ပုံရိုက်ယူနိုင်ခဲ့သည်။ အကျိုးဆက်အနေဖြင့် အမျိုးသားပြတိုက်တွင် ယခုပြသထားသော မင်းခမ်းတော် ပစ္စည်းများကို တော်လှန်ရေးကောင်စီ အစိုးရလက်ထက် မြန်မာနိုင်ငံသို့ ပြန်လည် လွှဲအပ်ပေးခဲ့သဖြင့် ဆရာမကြီးဒေါ်ကြန်နှင့် ဒေါက်တာ ရီရီတို့၏ အောင်မြင်သော ခရီးစဉ်ဖြစ်သည်ဟု ဆိုနိုင်သည်။

အင်္ဂလန်မှ ရလာသော အထောက်အထားများကြောင့် ရတနာပုံ စက်ရုံများ စာတမ်း၊ စစ်သိမ်းပစ္စည်းများစာတမ်း၊ မြန်မာခေါင်းဒင်္ဂါးတို့၏ ဓာတ်သိမ်းပုံ စသည့် စာတမ်းများ ပေါ်ထွက်လာနိုင်ခဲ့သည်။

ဆရာမကြီးဒေါ်ကြန် ပြည်ပအထောက်အထားများ ရှာဖွေသကဲ့သို့ ပြည်တွင်းတွင်လည်း အထောက်အထားများ ရရှိရန် ဒေသအနှံ့ ခရီးထွက်ခဲ့သည်။ ဘုရားကြို ဘုရားကြား၊ ကျောင်းကြိုကျောင်းကြား၊ သင်္ချိုင်းကြို သင်္ချိုင်းကြားသွား၍ ကျောက်စာ ရှာသည်။ ပေ၊ ပုရပိုက်ကူးသည်။ ရှေးကျောင်းကြီးများ၏ ပန်းပုလက်ရာများကို မှတ်တမ်းတင်သည်။ ဆရာမကြီးဒေါ်ကြန်နှင့် သူတို့ခေတ်က အကြီးတန်း သုတေသနမှူးများ၏ အပတ်တကုတ် ကြိုးစားမှုကြောင့် သမိုင်းသုတေသနဦးစီးဌာန၏ စာကြည့်

mgyoe.com

mgyoe.com


တိုက်နှင့် မော်ကွန်းတိုက်သည် သုတေသီတို့၏ အားထားရာ ဘဏ္ဍာသိုက်ကြီး ဖြစ်ခဲ့ရသည်။

စာရေးသူ ရန်ကုန်တက္ကသိုလ်တွင် အမှုထမ်းစဉ်ကာလ ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလအတွင်းက စာရေးသူနေထိုင်သည့် ၄၈ လမ်းထိပ်တွင် မြေကြီးထဲတွင် တိမ်မြုပ်နေသော ညောင်ရမ်းခေတ်က အာမေနီယံသင်္ချိုင်း ကျောက်စာသုံးချပ်ကို တွေ့ရှိခဲ့ရာ မြန်မာ့သမိုင်း ကော်မရှင်သို့ အကြောင်းကြားခဲ့ပါသည်။ ဆရာမကြီးဒေါ်ကြန် အပါအဝင် သမိုင်းကော်မရှင်လူကြီးများ ရောက်ရှိလာရာ ဆရာမကြီးဒေါ်ကြန်တို့အဖွဲ့က အဆိုပါ အာမေနီယံသင်္ချိုင်းစာကို လေ့လာပြီး သုတေသန စာတမ်းဖတ်ပွဲ ပြုလုပ်ပေးခဲ့သည်။ ဆရာမကြီးဒေါ်ကြန်တို့အဖွဲ့အား လိုက်ပါအကူအညီပေးရင်း ဆရာမကြီး၏ သုတေသနကို စိတ်ဝင်စားပုံ၊ သမိုင်းနယ်ပယ် တိုးတက်လာအောင် ကြိုးပမ်းပုံတို့ကို သိခွင့်ရသဖြင့် ဆရာမကြီး၏ သမိုင်းသုတေသနအတွက် စွမ်းဆောင်ချက်များကို ကြည်ညိုလေးစားရပါသည်။

ဆရာမကြီး၏ ဘဝသက်တမ်းတစ်လျှောက်လုံး သမိုင်းသုတေသန လုပ်ငန်းဖြင့် မြုပ်နှံခဲ့သည်။ မိမိ၏ပညာဖြင့် နိုင်ငံနှင့်လူမျိုးအတွက် စွမ်းဆောင်ခဲ့ပါသည်။ သို့ရာတွင် ဆရာမကြီးသည် သူဝါသနာပါသော သမိုင်းသုတေသန လုပ်ငန်းများကို အဓိကလုပ်ဆောင်နေသော မြန်မာ့သမိုင်း ကော်မရှင်တွင် အဖွဲ့ဝင် ဖြစ်မလာခဲ့ပါ။ စာရေးသူသည် ဆရာမကြီး၏ သုတေသနအတွေ့အကြုံ၊ သမိုင်းပညာရပ် အတွေ့အကြုံတို့ကို မျိုးဆက်သစ်လူငယ်တို့အား မျှဝေစေလိုသည့် ဆန္ဒရှိသည်။ ထိုဆန္ဒသည် ၁၉၉၆ ခုနှစ်တွင် ပြည့်ဝခဲ့ပါသည်။ ထိုနှစ်တွင် ရန်ကုန်တက္ကသိုလ် သမိုင်းဌာနသည် သမိုင်းပါရဂူသင်တန်းကို စတင်ဖွင့်လှစ်ခဲ့ရာ ထိုစဉ်က ပါမောက္ခဌာနမှူး ဖြစ်လာသော ကျွန်တော်သည် ဆရာမကြီးဒေါ်ကြန်အား ပါရဂူသင်တန်းတွင် ကူညီပို့ချပေးပါရန် သွားရောက် မေတ္တာရပ်ခံခဲ့ပါသည်။ ဆရာမကြီးက ပါရဂူကျမ်းများကို ကြီးကြပ်ပေးပါမည်ဟု သဘောတူလိုက်ပါသည်။ အချိန်ပိုင်းပါမောက္ခ အဖြစ်လည်း ခန့်ထားခွင့် ရခဲ့ပါသည်။ ဆရာမကြီး ကြီးကြပ်မှုဖြင့် ပါရဂူဘွဲ့ရလာသော ဆရာမနှစ်ဦးအနက် တစ်ဦးသည် ယခုအခါ ပါမောက္ခရာထူးတွင် တာဝန်ထမ်းဆောင်နေပြီ ဖြစ်သည်။

အချုပ်ဆိုရသော် ဆရာမကြီးဒေါ်ကြန်သည် သမိုင်းဘာသာရပ်နယ်ပယ်တွင် ထူးချွန်သော သမိုင်းပညာရှင် တစ်ဦးဖြစ်သည်။ သူမ တတ်မြောက်သော ပညာဖြင့် သမိုင်းဘာသာရပ် ဂုဏ်ရောင်ကို ထွန်းပြောင်စေခဲ့သည်။ ပျင်းစရာကောင်းသည်ဟု

mgyoe.com

အချို့က ယူဆသော သမိုင်းဘာသာရပ်ကို အများစိတ်ဝင်စားလာအောင် ကြိုးပမ်းခဲ့သည်။ အငြိမ်းစားယူပြီး တိုင်အောင်လည်း သမိုင်းဘာသာရပ် တိုးတက်ဖို့ ကြိုးပမ်းနေဆဲ ဖြစ်ပါသည်။ ဆရာမကြီး အသက်ရာကျော်ရှည်ပြီး သုတေသနလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နိုင်ပါစေဟု ဆုမွန်ကောင်း တောင်းလိုက်ပါသည်။
(ဤဆောင်းပါးဖြင့် ရာပြည့်သမိုင်းပညာရှင် ဒေါ်ကြန်၏မွေးနေ့ကို ဂုဏ်ပြုလိုက်ပါသည်။)

❑

mgyoe.com

## ရခိုင်တိုင်းရင်းသူ မြန်မာသမိုင်းပညာရှင်

>>> ကျော်ငြိမ်း (မြန်မာသမိုင်းအဖွဲ့၊ အဖွဲ့ဝင်)

မြန်မာနိုင်ငံသမိုင်းကို ရဟန်း၊ ရှင်လူ ပြည်သူအပေါင်းတို့သည် တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများဖြင့် ရေးသားခဲ့ကြသည်။ အင်းဝခေတ်တွင် ရှင်မဟာသီလဝံသက 'ရာဇဝင်ကျော်' ကိုလည်းကောင်း၊ ညောင်ရမ်းခေတ်တွင် ဦးကုလားက 'မဟာရာဇဝင်ကြီး' ကိုလည်းကောင်း၊ ကုန်းဘောင်ခေတ်တွင် တွင်းသင်းမင်းကြီးမဟာစည်သူက 'တွင်းသင်းမဟာရာဇဝင်သစ်' ကိုလည်းကောင်း၊ စစ်ကိုင်းမင်းဘကြီးတော် (၁၈၁၉–၁၈၃၇) လက်ထက်တွင် ရာဇဝင်ပြုစုရေးအဖွဲ့ကို ဖွဲ့စည်း၍ မြန်မာရာဇဝင် (မှန်နန်းရာဇဝင်) ရေးသားစေခဲ့သည်။ မင်းတုန်းမင်း (၁၈၅၂–၁၈၇၈) လက်ထက်နှင့် သီပေါမင်း (၁၈၇၈–၁၈၈၅) လက်ထက်တို့တွင်လည်း ရာဇဝင်အဖွဲ့ ဖွဲ့စည်း၍ ရာဇဝင်ကို ဆက်လက်ပြုစုစေခဲ့သည်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံး ဗြိတိသျှ ကိုလိုနီဘဝ ကျရောက်ခဲ့ရသည့်အတွက် မြန်မာရာဇဝင်ရေးသားမှုများ အားနည်းသွားခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၅၅ ခုနှစ်တွင် မြန်မာနိုင်ငံ သမိုင်းကော်မရှင် ဖွဲ့စည်း၍ မြန်မာသမိုင်း ရေးသားစေခဲ့သည်။ ရခိုင်တိုင်းရင်းသူ မကြန်သည် ၁၉၅၄ ခုနှစ်က ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး မြန်မာသမိုင်းကော်မရှင်တွင် အလုပ်လျှောက်ရာ ၁၉၅၆ ခုနှစ်တွင် သုတေသနဝန်ထမ်း ဖြစ်လာခဲ့သည်။ မြန်မာသမိုင်းကော်မရှင်တွင် ထမ်းဆောင်ရင်း ပညာဆက်လက်ဆည်းပူးခဲ့ရာ ၁၉၅၉ ခုနှစ်တွင် မဟာဝိဇ္ဇာ (သမိုင်း)

ဘွဲ့ ရရှိခဲ့သည်။ မြန်မာနိုင်ငံသမိုင်းကော်မရှင်တွင် မကြန်သည် ဗြိတိသျှကိုလိုနီခေတ် (၁၈၈၆–၁၉၄၈) တာဝန်ကိုယူခဲ့ပြီး တာဝန်ကျသည့်ခေတ်နှင့် ပတ်သက်၍ အထောက်အထားများရရှိရန် ပြည်တွင်းပြည်ပမှ အထောက်အထားများ စုဆောင်းရသည်။ မြန်မာသမိုင်း အထောက်အထားများ ရှာဖွေကူးယူရန် အင်္ဂလန်သို့ ၁၉၅၇ ခုနှစ်နှင့် ၁၉၅၉ ခုနှစ်တို့တွင် နှစ်ကြိမ်သွားရောက်ခဲ့သည်။ အင်္ဂလန်ရှိ India office Records and Library မှ မြန်မာနိုင်ငံနှင့် ပတ်သက်သည့် အထောက်အထားများကို Micro film ရိုက်၍ စုဆောင်းရသည်။ ဒေါ်ကြန်စုဆောင်းခဲ့သည့် Micro film များသည် ဗြိတိသျှကိုလိုနီခေတ် မြန်မာနိုင်ငံသမိုင်းရေးသားရာတွင် အလွန်အရေးကြီးသော အထောက်အထားများဖြစ်သည်။ အဆိုပါ Micro film များကို ယနေ့တိုးတက်လာသည့် ခေတ်တွင် Digitized လုပ်ထားနိုင်ခဲ့ပြီ ဖြစ်သည်။

မြန်မာနိုင်ငံရှိ ပါရဂူဘွဲ့ယူကျမ်းနှင့် မဟာဝိဇ္ဇာဘွဲ့ယူကျမ်းများ ပြုစုသူ ကျောင်းသူကျောင်းသားများသည် ဒေါ်ကြန်ကူးယူခဲ့သည့် အထောက်အထားများ အသုံးပြု၍ ကျမ်းအသီးသီး ရေးသားပြုစုခဲ့ကြပြီး ဘွဲ့များဆွတ်ခူးနိုင်ခဲ့ကြသည်။ ဒေါ်ကြန်သည် သုတေသနကျမ်းများ ပြုစုရာတွင် အသိသစ် New Information ၊ အမြင်သစ် New Interpretation များပေးနိုင်ရန် ပဓာနထားပြုစုသည်။ သုတေသနထုံးအရ မူရင်းအထောက်အထား၊ တစ်ဆင့်ခံ အထောက်အထားများမှ အချက်အလက်များ စုဆောင်းထုတ်ယူကြသည်။ ထိုအချက်အလက်များကို စိစစ်၍ သုတေသနပြုကာ သမိုင်းကျမ်း ရေးသားပြုစုရသည်။ ယနေ့ခေတ် သုတေသီများသည် ကွန်ပျူတာများဖြင့် အချက်အလက်များ စုဆောင်းကာ ကျမ်းကိုရေးသား ပြုစုနေကြပြီ ဖြစ်သည်။ ဒေါ်ကြန်အား ၁၉၉၅ ခုနှစ်က တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင်တွေ့ရာ ၅ လက်မ × ၃ လက်မ ကတ်ပြားနှင့် ခဲတံကိုအသုံးပြု၍ မှတ်စုထုတ်နေသည်ကို တွေ့ရှိခဲ့ရသည်။ ဒေါ်ကြန်သည် ဗြိတိသျှကိုလိုနီခေတ်ကို နှစ်ပေါင်းများစွာ အထူးပြုလေ့လာ လိုက်စားခဲ့သည့်အတွက် ကိုလိုနီခေတ်နှင့် ပတ်သက်၍ An authority on British Colonial Period of Myanmar ဖြစ်လာခဲ့သည်။ ကိုလိုနီခေတ်နှင့်ပတ်သက်၍ ပြည်တွင်းသမိုင်းပညာရှင်များ၊ ပြည်ပသမိုင်းပညာရှင်များက ဒေါ်ကြန်၏ အဆုံးအဖြတ်ကို လိုက်နာကြရသည်။ ကိုလိုနီခေတ်နှင့် ပတ်သက်၍ ဒေါ်ကြန်၏ အထင်ရှားဆုံး စာအုပ်များမှာ ၁၉၇၈ ခုနှစ်ကထုတ်သည့် မြန်မာနိုင်ငံအခြေအနေ (၁၈၈၅–၁၈၈၆)၊ ၁၉၈၀ ခုနှစ်ထုတ်ဝေသည့် ပဒေသရာဇ်မြန်မာနိုင်ငံဇာတ်သိမ်း၊ ၂၀၀၃ ခုနှစ်တွင် ထုတ်ဝေသည့်

mgyoe.com

mgyoe.com

မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေး (၁၈၈၆–၁၈၉၇) စာအုပ်များဖြစ်သည်။ ထို စာအုပ်များအနက် မြန်မာနိုင်ငံအခြေအနေ (၁၈၈၅–၁၈၈၆) စာအုပ်သည် ၁၉၇၈ ခုနှစ်တွင် အမျိုးသားစာပေဆု (သုတဝိဇ္ဇာ)ဆုကို ရရှိခဲ့သည်။ မဟာဝန်ရှင်တော် မင်းကြီး အုပ်ချုပ်ရေး (၁၈၈၆–၁၈၉၇)စာအုပ်သည် ၂၀၀၃ ခုနှစ်တွင် အမျိုးသားစာပေဆု (သုတဝိဇ္ဇာ)ကို ရရှိခဲ့သည်။ မြန်မာနိုင်ငံသမိုင်းကော်မရှင်တွင် အကြီးတန်း သုတေသနမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က မြန်မာနိုင်ငံသမိုင်း (၁၈၈၆–၁၉၄၈) ရေးသားပြုစုရန် မာတိကာများ ရေးသားပြုစုထားရာ

အတွဲ (၁) ဗြိတိသျှခေတ်ဦးမြန်မာနိုင်ငံသမိုင်း (၁၈၈၆–၁၈၉၇)
အတွဲ (၂) ဗြိတိသျှခေတ်ဦးနှင့်မြန်မာ့တော်လှန်ရေးသမိုင်း (၁၈၈၆–၁၈၉၆)
အတွဲ (၃) ဗြိတိသျှခေတ်ဦးရှမ်းပြည် (၁၈၈၆–၁၈၉၇)
အတွဲ (၄) မြန်မာ့နယ်နိမိတ်သတ်မှတ်ရေး (၁၈၈၆–၁၉၀၀)
အတွဲ (၅) ကိုလိုနီခေတ်မြန်မာ့အုပ်ချုပ်ရေးသမိုင်း (၁၈၉၇–၁၉၃၇)
အတွဲ (၆) ဗြိတိသျှခေတ်မြန်မာ့စီးပွားရေး (၁၈၉၇–၁၉၃၇)
အတွဲ (၇) ဝံသာနုအရေးတော်ပုံ
အတွဲ (၈) ဗြိတိသျှခေတ်ပညာရေး
အတွဲ (၉) ခွဲရေးတွဲရေး
အတွဲ (၁၀) တို့ဗမာအစည်းအရုံးနှင့်ဆိုရှယ်လစ်ဝါဒ
အတွဲ (၁၁) အုပ်ချုပ်ရေးသစ်နှင့်မြန်မာပြည် (၁၉၃၇–၄၂)
အတွဲ (၁၂) ဂျပန်ခေတ်မြန်မာပြည် (၁၉၄၂–၄၅)
အတွဲ (၁၃) ဗမာ့တပ်မတော်သမိုင်း
အတွဲ (၁၄) ဒုတိယစစ်အပြီးမြန်မာနိုင်ငံ (၁၉၄၅–၄၈)

အတွဲ (၁၄) အထိ ရှိကြောင်း တွေ့ရှိရသည်။ ဤသို့စနစ်တကျ မာတိကာများ ခွဲ၍ ပြုစုထားမှုသည် ကိုလိုနီခေတ် မြန်မာနိုင်ငံသမိုင်းကို ရေးသားပြုစုသူ သုတေသီများ အတွက် လွယ်လင့်တကူ ရှုးခပ်စားသုံးနိုင်သော ထမင်းအိုးကြီးတစ်လုံး ဖြစ်ပါသည်။

❑

mgyoe.com

mgyoe.com


## ဘွားသက်ရှည် ဆရာမကြီး ဒေါ်ကြန်

▶▶▶ ဒေါက်တာ ထွန်းတင့်

ဆရာမကြီး ဒေါ်ကြန် အဓိကကျွမ်းကျင်သော ဘာသာရပ်မှာ သမိုင်းဘာသာရပ် ဖြစ်သည်။ မဟာဝိဇ္ဇာဘွဲ့ကို သမိုင်းဘာသာဖြင့် ရထားသူဖြစ်သည်။ သမိုင်းဘာသာနှင့် ဆက်စပ်သော သုတေသနများ များစွာပြုလုပ်ခဲ့သည်။ သမိုင်းဘာသာနှင့် ပတ်သက်သော ဟောပြောပွဲများ များစွာပြုလုပ်ခဲ့သည်။ ဟောပြောခဲ့သည်။ သမိုင်းဘာသာရပ်နှင့် ဆိုင်သော စာတမ်းများ၊ ဆောင်းပါးများ များစွာရေးသားခဲ့သည်။ သမိုင်းဘာသာရပ်နှင့် ပတ်သက်သော စာအုပ်များ များစွာပြုစုခဲ့သည်။ ထုတ်ဝေခဲ့သည်။ စာပေဆုများစွာ ရရှိခဲ့သည်။ သမိုင်းဘာသာရပ်ဆိုင်ရာ တာဝန် တကယ်ကျေပွန်ခဲ့ပါသည်။ နိုင်ငံ့ တာဝန်ထမ်းဆောင်စဉ်ကလည်း မြန်မာနိုင်ငံသမိုင်းကော်မရှင်တွင် အသက်ခြောက်ဆယ် ပြည့် အငြိမ်းစားယူသည်အထိ တာဝန်ကျေခဲ့သူ ဖြစ်ပါသည်။

ဆရာမကြီးသည် မြန်မာနိုင်ငံ သမိုင်းကော်မရှင်တွင် သက်ပြည့် အငြိမ်းစားယူခဲ့ ပြီးနောက် တစ်ချိန်တွင် (၈.၂.၁၉၉၁) မြန်မာစာအဖွဲ့ အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်း ခံခဲ့ရပါသည်။ ဘွားသက်ရှည် ပညာရှင်ကြီးသည် မြန်မာစာအဖွဲ့ အဖွဲ့ဝင်အဖြစ် ယနေ့တိုင် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။ ဆရာမကြီးသည် သမိုင်းတာဝန် ကျေပွန်သူတစ်ဦး ဖြစ်သကဲ့သို့ပင် မြန်မာစာတာဝန်၊ မြန်မာစာအဖွဲ့တာဝန် ကျေပွန်သူ လည်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com


မြန်မာစာအဖွဲ့၏ အဓိကတာဝန်မှာ တိကျမှန်ကန် ခိုင်ခိုင်မာမာ ကိုးကားနိုင်ရန် မြန်မာစာ အဘိဓာန်တစ်ဆူ ပေါ်ပေါက်လာရေး၊ မှန်မှန်ကန်ကန် ခိုင်ခိုင်မာမာ ကိုးကား နိုင်သော မြန်မာသဒ္ဒါကျမ်း ပေါ်ပေါက်လာရေး ဖြစ်ပါသည်။ မှန်ကန်ခိုင်မာသော အဘိဓာန်၊ မှန်ကန်ခိုင်မာသော သဒ္ဒါကျမ်း ရှိမှသာ မြန်မာစာအခြေအမြစ် ခိုင်ခိုင်မာမာ တည်တံ့ခိုင်မြဲ ဖွံ့ဖြိုးမှုကို အထောက်အကူ ပြုပေလိမ့်မည်။ မြန်မာအဘိဓာန်ကျမ်း၊ မြန်မာသဒ္ဒါကျမ်း ပြုစုရာတွင်လည်း မြန်မာစာလုံးပေါင်းသတ်ပုံ မှန်ကန်ရန် လိုအပ်ပေ ရာ အများပြည်သူတို့ တညီတညွတ်တည်း လိုက်နာကိုးကား ရေးသားကြရန် မြန်မာ စာလုံးပေါင်းသတ်ပုံကျမ်း ရှိဖို့သည်လည်း အဓိကလိုအပ်ချက် ဖြစ်ပေသည်။

မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း၊ အခြေပြုသဒ္ဒါကျမ်းနှင့် ကျောင်းသုံးသဒ္ဒါကျမ်း တို့ကိုမူ ဆရာမကြီး မြန်မာစာအဖွဲ့ အဖွဲ့ဝင် မဖြစ်မီကပင် ပြုစုထုတ်ဝေခဲ့ပြီး ဖြစ်ပါ သည်။ ဆက်လက်၍ မြန်မာအဘိဓာန်ကျမ်းများ၊ မြန်မာ–အင်္ဂလိပ် အဘိဓာန်များ၊ အင်္ဂလိပ်–မြန်မာအဘိဓာန်များ ပြုစုရာတွင် ဆရာမကြီးသည် တက်တက်ကြွကြွ ပါဝင် ဆွေးနွေးခဲ့ပါသည်။ ယခုလည်း မြန်မာအဘိဓာန်ကျမ်းများ ပြုစုကြဆဲ ဖြစ်ပါသည်။ မြန်မာအဘိဓာန်များ ပြုစုရာတွင် သမိုင်းဆိုင်ရာများ၊ နန်းမှုနန်းရာဆိုင်ရာများ၊ မင်းမှု ထမ်းဆိုင်ရာများ၌ ဆရာမကြီး၏ အကြံပေးချက်၊ ဆွေးနွေးချက်များသည် အဘိဓာန်ကို ပိုမိုပြည့်စုံ ခိုင်မာစေပါသည်။

ဆရာမကြီးသည် သမိုင်းဆိုင်ရာများကိုသာ စိတ်ပါဝင်စားသည်မဟုတ်၊ မြန်မာ စာလုံးပေါင်း သတ်ပုံကျမ်း၊ မြန်မာသဒ္ဒါကျမ်းဆိုင်ရာ ကိစ္စများကို ဆွေးနွေးရာတွင် လည်း စိတ်ဝင်တစား ပါဝင်ဆွေးနွေးပါသည်။

ကျွန်တော်သည် မြန်မာစာအဖွဲ့ ဦးစီးဌာနတွင် ၁၉၈၁ ခုနှစ်မှစ၍ စာတည်း၊ စာတည်းမှူး၊ စာတည်းမှူးချုပ်၊ ညွှန်ကြားရေးမှူး တာဝန်များ ထမ်းဆောင်စဉ်က လည်းကောင်း၊ ၁၉၉၆ ခုနှစ်မှစ၍ မြန်မာစာအဖွဲ့ အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင် စဉ်တွင်လည်းကောင်း မြန်မာစာအဖွဲ့ဝင် ဆရာကြီး၊ ဆရာမကြီးများကို လေးလေးစားစား ရင်းရင်းနှီးနှီး ခင်ခင်မင်မင် ဆက်ဆံခဲ့ပါသည်။ ဆရာကြီး၊ ဆရာမကြီးများကလည်း ကျွန်တော့်ကို ချစ်ကြပါသည်။

တစ်နေ့တွင် ကျွန်တော်က ဆရာမကြီးအား နောက်ချင်စချင်သဖြင့်...

"ဆရာမကြီး...ဆရာမကြီး နာမည်က ကျန်ရစ်သူတော့ မဟုတ်ပါဘူးနော်" ဟု စလိုက်ပါသည်။ ဆရာမကြီးက စိတ်မဆိုးပါ။ "ကျန်ရစ်သူ ဘယ်ဟုတ်ပါ့မလဲ၊

mgyoe.com

mgyoe.com


ဆရာရယ်။ ကြန်အင်္ဂါလက္ခဏာနှင့် ပြည့်စုံသူပါ။ ”ဟု ပြန်ပြောပါသည်။ သြော်၊ ဟုတ်ပေသားပဲ၊ ဆရာမကြီးက ရုပ်ဆင်းမှုရာကြန်အင်္ဂါနှင့် ပြည့်စုံသူပေပဲကို။

ကျွန်တော်တို့ မြန်မာစာအဖွဲ့ဝင် ဆရာကြီး၊ ဆရာမကြီးများသည် ၂၀၁၀–၂၀၁၅ ခုနှစ်များတွင် မြန်မာစာအဖွဲ့ အစည်းအဝေးများကို နေပြည်တော်တွင် ပြုလုပ်ခဲ့ပါသည်။ ထိုစဉ်က ဆရာမကြီးလည်း နေပြည်တော်သို့ လိုက်ပါနေထိုင်ပြီး အစည်းအဝေး တက်ရောက်ခဲ့ပါသည်။ ထိုစဉ်က ဆရာမကြီးအသက် ၈၀ ကျော် ရှိနေပါပြီ။

ဆရာမကြီးသည် နံနက်စောစော လမ်းလျှောက်လေ့ ရှိပါသည်။ သူ လမ်းလျှောက်သောအခါ မြန်မာစာအဖွဲ့ ဦးစီးဌာန ဆရာမလေး တစ်ယောက်ယောက်က အဖော်အဖြစ် အတူတွဲ လမ်းလျှောက်မြဲ ဖြစ်ပါသည်။ “နေပြည်တော်မှာ မနက်စောစော လမ်းလျှောက်ရတာ တကယ်အရသာရှိတယ်။ လူလည်းရှင်း၊ ကားလည်းရှင်း” ဟု ဆရာမကြီးက ပြောပါသည်။ လမ်းလျှောက်ရာတွင် ဆရာမကြီးသည် ဘောင်းဘီရှည်နှင့် ဘာနှင့် အတော်စမတ် ကျပါသည်။ ကြန်အင်္ဂါလက္ခဏာနှင့် ပြည့်စုံသူ ဆိုလောက်ပါ၏။

ဆရာမကြီးသည် ပညာပြည့်ဝသော်လည်း မောက်မာတတ်သူ မဟုတ်ပါ။ မာနမကြီးပါ။ အလွန်နှိမ့်ချတတ်သူ၊ ရိုးသားသူဟုလည်း မှတ်ထားမိပါသည်။ နေ့တစ်နေ့ မြန်မာစာအဖွဲ့ အစည်းအဝေး တစ်ကြိမ်တွင် စာပေဝန်ထမ်း အဖွဲ့က အီတာလျံသွား မှတ်တမ်းထဲမှ စာပိုဒ်တစ်ပိုဒ်ကို ကိုးကားလာပါသည်။ အီတာလျံသွား မှတ်တမ်းဆိုသည်မှာ မြောင်လှမြို့စားမင်းကြီး ဦးခြိမ့်၏ ပူတကေ– စပိန်– အီတာလျံသွား မှတ်တမ်းဖြစ်ပါသည်။ အဆိုပါ မှတ်တမ်းစာအုပ်ကို မန္တလေးရာပြည့် အထိမ်းအမှတ်အဖြစ် မန္တလေးမြို့ လူထုပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေခဲ့ပါသည်။ ၎င်းမှတ်တမ်းကို မင်းကြီးက သျှိုးလိုက်ရတုအသွား၊ ရကန်အသွားဖြင့် ရေးဖွဲ့ထားပါသည်။ မင်းကြီးကမူ လင်္ကာဟုသာ သာမန် ခေါ်ဆိုခဲ့ပါသည်။ ထိုမှတ်တမ်းကို ကျွန်တော်က ရကန်ဟု ဆိုပါသည်။ သို့ရာတွင် ပုံနှိပ်ရာတွင် ပုဒ်ဖြတ် ပုဒ်ရပ်နှင့်တကွ တည်းဖြတ်ရာတွင် အားနည်းခဲ့သဖြင့် ရကန်နှင့် မတူဘဲ ရိုးရိုးစကားပြေသဖွယ် ဖြစ်နေပါသည်။ ၎င်းကို ကျွန်တော်က “ဒီစာက ရကန်အသွားဖြစ်တယ်။ ပုဒ်ဖြတ်၊ ပုဒ်ရပ်က ဒီလိုရှိရမယ်။ ဖတ်ရင် ဒီလိုဖတ်ရတယ်။ သျှိုးလိုက်ရတုအသွားလို့လည်း ခေါ်နိုင်တယ်” ဟု ရှင်းပြပြီး သံနေသံထားနှင့် ဖတ်ပြရွတ်ပြလိုက်ပါသည်။ ဆရာမကြီးက “သြော်…ဒီစာကို ဒီလိုဖတ်ရ ရွတ်ရမှန်း ကျွန်မ မသိခဲ့ဘူးဆရာ။ ဆရာဖတ်ပြ ရွတ်ပြတော့မှ သိတော့တယ်။ ပိုပြီးလည်း

mgyoe.com

mgyoe.com


ရှင်းသွား၊ နားလည်သွားတယ်" ဟု ပြောပါသည်။ ဤသည်မှာ ဆရာမကြီး ရိုးသားမှု ဂုဏ်၊ ပွင့်လင်းမှုဂုဏ်ပင် ဖြစ်ပါသည်။

မြန်မာစာအဖွဲ့ အစည်းအဝေး ကျင်းပနေစဉ် တစ်နေ့တွင် ကျွန်တော်က "ကျွန်တော် မွေးတာက ၁၉၃၅ ခုနှစ်ပါ" ဟုပြောမိပါသည်။ ထိုအခါ ဆရာမကြီးက "ဟုတ်လားဆရာ၊ အဲဒီနှစ်မှာ ကျွန်မ ဆယ်တန်း (တက္ကသိုလ်ဝင်တန်း) အောင်တာပေါ့" ဟုပြောပါသည်။ ကျွန်တော်က "အဲဒီတုန်းက ဆရာမကြီးက ဆယ့်ခြောက်နှစ် သမီး ပေါ့" လို့ ပြောတော့ ဆရာမကြီးက "ဟုတ်တယ်လေ" ဟု ဆိုပါသည်။

ကျွန်တော် ဆရာမကြီးအသက်ကို မည်သည့်အခါမျှ မမေ့တော့ပါ။ ကျွန်တော် ၏ အသက်တွင် ဆယ့်ခြောက်နှစ် ပေါင်းလိုက်လျှင် ဆရာမကြီး၏အသက်ကို ရသည် မဟုတ်ပါလော။

ယခုအခါ ကျွန်တော်၏အသက် ရှစ်ဆယ့်လေးနှစ် ရှိပါပြီ။ ဆရာမကြီး အသက် တစ်ရာ ပါတကား။ ။

❑

mgyoe.com

 mgyoe.com


# သံတွဲသူ သမိုင်းဒေဝီနှစ်ဦး

### ➤➤➤ ထွဏ်းလွင် (မိတ္ထီလာ)

နှစ်ဆယ်ရာစု၏ မြန်မာ့သမိုင်း ပညာရှင်များတွင် သမိုင်းဒေဝီနှစ်ဦး ပေါ်ထွန်းခဲ့သည်။ ဒေဝီဟူသောဘွဲ့သည် မိဖုရားများ၊ သမီးတော်ကြီးများ ရရှိသည့် ဘွဲ့အမည်ဖြစ်ပြီး အမြင့်ဆုံး ဒေဝီတပ်ဘွဲ့ကိုပင် ပေးအပ်သည်ဟု ဆိုသည်။ (ဒေါက်တာရီရီ၊ သုတေသန အဘိဓာန်များမှတ်စု – စာ – ၃၀၆)။

ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရ အဘိဓာန်တွင် ဒေဝီဟူသည် နတ်သမီး၊ မိဖုရားဟု ဖွင့်ဆိုပြီး မိဖုရားကို ဖွင့်ဆိုရာတွင် 'မင်းကိုမှီ၍၊ ဒေဝီထွဋ်ကဲ၊ ကုမ္မာရီလဲ၊ ဒေဝီစံရာ၊ ဒေဝီမဟေသီ' ဟုဖော်ပြထားသည်။ (တက္ကသိုလ်များစာအုပ် ထုတ်ဝေရေးကော်မတီ၊ စာစဉ်– ၃၁၊ စာ– ၁၀၅)။

ယခုခေတ်တွင် ငွေကြေးချမ်းသာသူ မြန်မာအမျိုးသမီး အချို့သည် မင်းကိုအမှီပြု၍ 'သီရိသုဓမ္မသိင်္ဂီ' စသည့် ဘွဲ့အမည်မျိုးစုံတို့ကို ရရှိနေကြသည်။

သံတွဲသူသမိုင်းဒေဝီနှစ်ဦးမှာ မင်းကိုအမှီပြု၍ ရရှိခဲ့သောသူများ မဟုတ်ကြပါ။ သူတို့သည် မင်း၊ မိဖုရားများနှင့် ဆွေမျိုးတော်စပ်ကြသူဟု မသိရှိရသော်လည်း နှစ်ဦးလုံးမှာ တစ်ဦးက မဟာဝိဇ္ဇာ (သမိုင်း) နှင့် ကျန်တစ်ဦးက S.O.A.S ခေါ် အရှေ့တိုင်းနှင့် အာဖရိကဆိုင်ရာ (လန်ဒန်) တက္ကသိုလ်ကျောင်းမှ Ph.D ဘွဲ့ ရရှိခဲ့ကြသူများဖြစ်ကြသည်။

mgyoe.com

mgyoe.com


သူတို့နှစ်ဦးလုံးသည် ရှေးခေတ်သမိုင်းဘုရင်များ၏ အမွေကို ကောင်းစွာဆက်ခံပြီး နှစ်ဆယ်ရာစုတွင် မြန်မာအမျိုးသမီးများထဲမှ ရှားရှားပါးပါး ထွန်းတောက်ခဲ့သူများဟု ဆိုနိုင်ပါသည်။ နှစ်ဦးလုံးသည် သံတွဲမြို့သူများ ဖြစ်ကြပြီး အိမ်ထောင်မရှိသူ အပျိုကြီး လေဒီများဟု သမုတ်ခံကြရသည်။

သူတို့သည် ရာဇာတို့နှင့် ဘိသိက်မခံယူကြဘဲ ၂၀ ရာစု မြန်မာသမိုင်း၏ သမိုင်းဘိသိက်ကို ထင်ရှားစွာ အတူလက်တွဲ ခံယူခဲ့ကြသည် ဟုဆိုနိုင်ပါသည်။ သမိုင်းနတ်သမီးဒေဝီဟု တင်စားထိုက်သူ လေဒီနှစ်ဦးမှာ ဆရာမကြီးဒေါ်ကြန်နှင့် ဆရာမကြီး ဒေါက်တာရီရီတို့ပင် ဖြစ်ပါသည်။

ဆရာမကြီးဒေါ်ကြန်မှာ အတိတ်ကုသိုလ်ကံနှင့် ပစ္စုပ္ပန်တွင် မကောင်းမှုဒုစရိုက်တို့ကို ရှောင်လွဲနိုင်သူ ဖြစ်ခြင်းကြောင့် ၁ – ဇူလိုင် ၂၀၁၈ တွင် အသက် ၁၀၀ ပြည့်တော့မည် ဖြစ်ပါသည်။ ထို့ကြောင့် စာရေးသူမှာ ဆရာမကြီးအား 'ဒေါ်ကြန်' အစား 'ဒေါ်ကျန်' ဟုဆိုချင်ပါသည်။

ဆရာမကြီး ဒေါက်တာဒေါ်ရီရီ (၁၄ မတ် ၁၉၂၉ မွေးဖွားခဲ့သူ) မှာ ၁၁ နိုဝင်ဘာ ၁၉၈၄ တွင် ကွယ်လွန်ခဲ့ပြီးဖြစ်၍ ကျန်ရစ်သူ ဒေါ်ကြန်က သူ၏ ရွှေတိဂုံစေတီအုတ်ချပ်များ သုတေသနပြုရာတွင်–

"ခေါင်းဆောင်တစ်ဦးဖြစ်သူ အကြီးတန်း သုတေသနမှူး ဒေါက်တာ ဒေါ်ရီရီ၊ သုတေသနမှူး ဦးသိမ်းနိုင်၊ အုပ်ချုပ်ရေးအရာရှိ ဦးကျော်စိန်၊ သုတေသနလက်ထောက် (ပ) ဦးတင့်၊ ဦးမြင့်အောင်တို့ကား မရှိကြတော့ပြီဖြစ်ရာ ဘုံဘဝက သိနိုင်မြင်နိုင် ဝမ်းမြောက်ဝမ်းသာနိုင်ကြပါစေ" ဟု ဆုတောင်း ရေးသားဖော်ပြခဲ့သည်။

(ဒေါ်ကြန် –ရွှေတိဂုံစေတီတော်ကြီးမှ ကြေးအုတ်များ၊ ၁၂–၇–၀၆ ရက်စွဲပါ ဒေါ်ကြန်၏အမှာစာ – ကူ)။

အမှန်အားဖြင့် ရွှေတိဂုံစေတီမှ ကြေးအုတ်ချပ်များစာတမ်းနှင့် စပ်ဆိုင်သော မှုကြမ်းမူချော၊ လက်ခံစာမူများ အားလုံးကို ဒေါက်တာဒေါ်ရီရီထံတွင် ထိန်းသိမ်းထားခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါ်ရီရီ ကျန်းမာရေးမကောင်းသဖြင့် ဒေါ်ကြန်က ပရဖ်ဖတ်ပြီး တာဝန်ယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ (ဒေါ်ကြန် – ရွှေတိဂုံစေတီ ကြေးအုတ်များအမှာစာ – ကူ)

၁၉၇၀ ဩဂုတ်လတွင် ရန်ကုန်၌ လုပ်ခတ်ခဲ့သော ငလျင်ကြောင့် ရွှေတိဂုံထီး

mgyoe.com

mgyoe.com


တော် တိမ်းစောင်းသွားခဲ့ရသည်။ ထီးတော်ကို ပြန်လည်တည့်မတ်ရန် ထီးတော်တွင် ချိတ်ဆွဲထားသော ရွှေ၊ ငွေ၊ ကြေး၊ သတ္တုမျိုးစုံတို့ဖြင့် ချိတ်ဆွဲထားသော ဆည်းလည်း ပေါင်း ၁,၄၈၀ ကို ခေတ္တဖြုတ်ချခဲ့ရသည်။ ဆည်းလည်းငယ်များပါ စာတမ်းများကို ဒေါ်ကြန်နှင့် ဒေါက်တာဒေါ်ရီရီတို့မှ အချိန်များစွာယူ၍ မှတ်တမ်းပြုစုခဲ့ကြသည်။ ထိုခေါင်းလောင်းစာများမှ ရွှေတိဂုံစေတီ ထီးတော်သမိုင်းအတွက် သမိုင်းအထောက် အထားများ ရရှိခဲ့သည်။

၁၉၇၂ ခု မတ်လတွင် စေတီတော်ကြီးအား ရွှေသင်္ကန်း ကပ်လှူရန် ငြမ်းဆင်ရာ စေတီတော် ခေါင်းလောင်းပုံအထက်ရှိ ဖောင်းရစ်များအကြားမှ 'နတ်ကြည့်' များတွင် ကြေးအုတ်ချပ်ပေါင်း ၄၀၀ ခန့်မှာ အင်္ဂတေသရိုးများ ကွာကျနေသည်ကို စတင်တွေ့ ရှိခဲ့ကြသည်။

'နတ်ကြည့်' ဆိုသည်မှာ စေတီတော် အထက်ပိုင်းကို ပြုပြင်ခြင်း၊ ရွှေချခြင်း စသည်များ လုပ်ဆောင်သောအခါ အဆိုပါ နတ်ကြည့်လမ်းပေါ်တွင် အလုပ်သမား များ ခြေနင်းလျှောက်၍ စေတီတော်ကို လှည့်ပတ်သွားလာနိုင်သော လမ်းဖြစ်သည်ဟု ဆိုသည်။ မျက်နှာပြင်ညီသော အရစ်များဖြစ်၍ နတ်ကြည့်လမ်းကို စေတီတော်ရင်ပြင် မှ မမြင်တွေ့နိုင်ကြောင်း သိရှိရသည်။

စေတီတော်ခေါင်းလောင်းပုံ အထက်ရှိ ထီးတော်မှစ၍ သပိတ်မှောက်၊ ရွဲ၊ ကြာ မှောက်ကြာလှန် စသည့် ခုံးနှင့်ကော့များမှ ကျဆင်းသော မိုးရေများသည် နတ်ကြည့် လမ်းပေါ်သို့ အရှိန်ပြင်းစွာ စီးဆင်းကြခြင်းနှင့် မိုးသီးမိုးပေါက်တို့ တိုက်ရိုက်ကျဆင်း ခြင်းဒဏ်ကို အများဆုံးခံရသော နေရာဖြစ်သည်။ ထို့ကြောင့် နတ်ကြည့်လမ်းမှာ အပျက်အစီး မြန်နိုင်သည်ဟု ဆိုသည်။ သပိတ်မှောက်နှင့် ကပ်လျက်ရှိသော ပထမ နတ်ကြည့်လမ်းသည် ၁၈ လက်မခန့် ကျယ်ပြန့်၍ ၎င်းအထက်ရှိ ဒုတိယ နတ်ကြည့် လမ်းသည် ၁၂ လက်မခန့် ကျယ်ပြန့်ကြောင်း ဖော်ပြထားသည်။

၁၉၇၆ ခုနှစ်တွင် စေတီတော်အား ရွှေပြားကပ်လှူရန် ကျည်းခွေများ တပ်ဆင် ကြရာ ကျည်းခွေဘောင်နှင့် မလွတ်သော ကြေးအုတ်ချပ်များကို အင်္ဂတေအတွင်းမှ တူးဖော်ထုတ်ယူရသည်ဟု ဆိုသည်။

၁၉၇၆ ခု၊ ဇွန်လတွင် ကြေးအုတ်ချပ်များ ကွာကျနေကြောင်း စေတီတော် ဂေါပကအဖွဲ့၏ ဖိတ်ခေါ်ချက်အရ မြန်မာသမိုင်းသုတေသနအဖွဲ့မှ သွားရောက် ကြည့် ရှုလေ့လာခဲ့သည်။ ကြေးအုတ်ချပ်ပေါင်း ၅၉၆၂ ကိုတွေ့ရှိရာ အကြီးဆုံးကြေးအုတ်ချပ်

mgyoe.com

mgyoe.com


မှာ အလျား ၇ လက်မ၊ အနံ ၃½ လက်မရှိပြီး အငယ်ဆုံးကြေးအုတ်ချပ်မှာ အလျား ၃ လက်မ၊ အနံ ၃ လက်မရှိကြောင်း တွေ့ရှိကြသည်။ ကြေးအုတ်ချပ်အများစုမှာ အလျား ၅ လက်မ၊ အနံ ၃½ လက်မရှိကြောင်း တွေ့ရှိကြသည်။

တွေ့ရှိရသော ကြေးအုတ်ချပ်တစ်ခု၏ အလေးချိန်သည် ၅၀ ကျပ်သားမှ (၁) ပိဿာကျော်ခန့်အထိရှိပြီး အုတ်ချပ်အများစု၏ တစ်ချပ်အလေးချိန်မှာ ၆၀ ကျပ်သား ခန့်ရှိသည်။ ထို့ကြောင့် ယခုတွေ့ရှိရသော ကြေးအုတ်ချပ်ပေါင်း ၅၉၆၂ ချပ်ကို ၆၀ ကျပ်သားနှုန်းဖြင့်ပင် တွက်ကြည့်ပါက စုစုပေါင်းအလေးချိန် ၃၅၇၇၂ ပိဿာ ရှိမည်ဟု မှန်းဆတွက်ချက်ရပါသည်။

ဆရာမကြီးဒေါ်ကြန်နှင့် ဒေါက်တာရီရီတို့ သုတေသနအဖွဲ့သည် ကြေးအုတ်ချပ်ပါ စာတမ်းများကို ဖတ်ရှုနိုင်ရန် ဂေါပကအဖွဲ့၏ ကူညီမှုဖြင့် အင်္ဂတေသားများအား တိုက်ချွတ်ခြင်း၊ ငရဲမီးစားခြင်းများ ပြုလုပ်သန့်စင်ပြီး ကြေးအုတ်ချပ်တစ်ချပ်ချင်းစီအား အမှတ်စဉ်ရေးထိုးခြင်း၊ ကမ္ပည်းစာများကို မင်လိုမ့်ရေးကူးခြင်း၊ ဓာတ်ပုံရိုက်မှတ်တမ်း တင်ခြင်း စသည်များကို ပြုလုပ်ခဲ့ကြသည်။

ထိုကြေးအုတ်ချပ်များရှိ ကမ္ပည်းစာတမ်းပါ အချက်အလက်များ ရရှိမှုကြောင့် ရွှေတိဂုံ ထီးတော်သမိုင်း အပါအဝင် ထိုခေတ်ရှိ ပြည်သူတို့၏ ယုံကြည်မှု၊ သဒ္ဓါတရားနှင့် ပြည်သူတို့၏ လူမှုစီးပွားရေးဘဝကို မဖျော်လင့်ဘဲ ရရှိခဲ့သည်ဟု ဆိုသည်။

မင်းတုန်းမင်းကြီးသည် ၁၈၇၁ ခုတွင် ရွှေတိဂုံထီးတော်ကြီးကို မဟာမင်းကျော်မင်းထင် ဦးဆောင်သောအဖွဲ့အား တင်လှူစေခဲ့သည်။ ယခု တွေ့ရှိရသော ကြေးအုတ်ချပ်အများစုမှာ ၁၈၆၉ ခုနှစ်ဟု ကမ္ပည်းရေးထိုးထားရာ စေတီတော်တွင် ထိုကြေးအုတ်များကို မည်သည့်အကြောင်းကြောင့် တင်လှူခဲ့သည်ကို သိရှိရန် လိုအပ်နေပါသည်။ လျှင်သမိုင်းကို လေ့လာကြည့်ရာ ၁၈၆၉ ခုတွင် ရန်ကုန်၌ လျှင်ပြင်းစွာ လှုပ်ခဲ့ခြင်း မရှိကြောင်း တွေ့ရှိရသည်။ ထိုကာလတွင် ရွှေတိဂုံစေတီတော်၌ အင်္ဂလိပ်တပ်များ တပ်စွဲသိမ်းပိုက်ထားပြီး အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးခဲ့နိုင်သည်ဟု ယူဆရသည်။ ထို့ကြောင့် ထိုခေတ်ရှိ စေတီတော်ကို မြတ်နိုးသူတို့က မြန်မာနှစ် ၁၂၃၁ ခုပါ ကြေးအုတ်ချပ်များကို တင်လှူခဲ့ကြရသည်ဟု ယူဆရပါသည်။

ဆရာမကြီးဒေါ်ကြန်သည် ရွှေတိဂုံစေတီမှ ကြေးအုတ်ချပ်များစာမူဖြင့် အမျိုးသားစာပေဆု မရရှိခဲ့သော်လည်း –

– ၁၉၇၈ တွင် 'မြန်မာနိုင်ငံအခြေအနေ (၁၈၈၅–၈၆)' ဖြင့်လည်းကောင်း

mgyoe.com

mgyoe.com

– ၂၀၀၂ တွင် 'သမိုင်းရာပုံတော်ခရီး နှင့် အခြားစာတမ်းများ'

– ၂၀၀၃ တွင် 'မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေး (၁၈၈၆–၉၇)'

– ၂၀၀၅ တွင် 'ကိုလိုနီခေတ်ဦး ကျေးရွာအုပ်ချုပ်ရေး (၁၈၈၆–၉၇)'

– ၂၀၀၉ တွင် 'ကုန်းဘောင်ခေတ် အခွန်တော်ရေးရာ' စာအုပ်အမည်ရှိ သမိုင်းကျမ်းများဖြင့် အမျိုးသားစာပေ – သုတဝိဇ္ဇာဆု (၅)ကြိမ် ရရှိခဲ့သူ ဖြစ်ပါသည်။

ကွယ်လွန်သွားသူ ဆရာမကြီး ဒေါက်တာရီရီမှာ ၁၉၇၅ ခုတွင် 'မြန်မာနိုင်ငံ အခြေအနေ (၁၇၁၄–၅၂)' စာအုပ်ဖြင့် အမျိုးသားစာပေ – သုတဝိဇ္ဇာဆုရရှိပြီး သက်တော်မရှည် ဖြစ်ခဲ့ရပါသည်။

သက်တော်ရှည် ဆရာမကြီး ဒေါ်ကြန်အား ဤဆောင်းပါးဖြင့် ဂါရဝပြုလိုက်ပါသည်။

ရည်ညွှန်း။ ။

၁ - ကြန် (ဒေါ်) နှင့် ဒေါ်ရီရီ၊ ရွှေတိဂုံစေတီတော်ကြီးမှ ကြေးအုတ်များ။ သမိုင်းသုတေသနဦးစီးဌာန၊ ၂၀၀၇။

၂ - ထွန်းမြင့် (ဦး)၊ ပါဠိသက်ဝေါဟာရအဘိဓာန်၊ တက္ကသိုလ်များစာအုပ်ထုတ်ဝေရေးကော်မတီ၊ စာစဉ် (၃၁)၊ ၁၉၆၈။

၃ - ရီရီ (ဒေါက်တာ)၊ သုတေသနအဘိဓာန်များမှတ်စု၊ သမိုင်းသုတေသနအသင်း၊ ၁၉၇၄။

❑

mgyoe.com

mgyoe.com


# ခရီးသွားစာပေ၊ ဒေသအခေါ်အဝေါ် နဲ့ သမိုင်းပညာရှင် ဒေါ်ကြန်

>>> ဒေါက်တာစိန်မြင့်

မြန်မာ့သမိုင်းမှာ ယနေ့တိုင်ရှာဖွေဆဲ၊ ပြုစုဆဲကျမ်းကြီး ကျမ်းခိုင်တွေအများအပြား ထွက်ပေါ်နေလျက်ပါ။ သုတေသနပြုတယ်လို့ အပြောတွေရှိနေပေမဲ့ ထွက်ပေါ်လာတဲ့ စာတမ်းတွေ၊ စာအုပ်တွေမှာ ယနေ့တိုင် အပြီးအပြည့်ရှိတယ်ဆိုတာ မတွေ့ရသေးပါဘူး။ ပြန်လည်ဖြည့်စွက်ဖို့နဲ့ ပြန်လည်ပြင်ဆင်ရေးသားဖို့ ဆိုတာကိုလည်း သုတေသီတို့ကတော့ ခေါင်းထဲ အစဉ်ထားနေတာပါ။ အကြောင်းအရာတစ်ခုအပေါ် အထူးပြုပြီး စာအုပ်တစ်အုပ်အဖြစ် ပြုစုကြတဲ့အခါမှာ ပြုစုချိန်ကာလနဲ့ တွေ့ရှိတဲ့ အထောက်အထားအရ အခြေခံပြီး ဖော်ပြကြတာမို့ လိုအပ်ချက်နဲ့ ပြန်လည်ဖြည့်စွက်ရေးသားဖို့ဆိုတာလည်း သုတေသီတွေ မဖြစ်မနေ ပြန်ပြီးလုပ်ကြရပါတယ်။ ဒီနေရာမှာ ဒေါ်ကြန်ကနေပြီး သုတေသနစာတမ်း စာအုပ်ပြုစုကြတဲ့အခါမှာ "သမိုင်းပြုစုရန် ပြည်တွင်းပြည်ပ အထောက်အထားများ ပြည့်စုံရန် လိုအပ်သည်။ အထောက်အထားသည် မရှိမဖြစ် လိုအပ်သော ကုန်ကြမ်းဖြစ်၏"လို့ **သမိုင်းရှာပုံတော်**ဆောင်းပါးတစ်ပုဒ်မှာ ရေးသားပြခဲ့ပါတယ်။ ဒါကြောင့်လည်း ဒေါ်ကြန်က သမိုင်းဆိုင်ရာ အထောက်အထားတွေကို ရှာဖွေစုဆောင်းခဲ့တယ်။ အဲဒီအချိန်က မြန်မာသမိုင်းကော်မရှင်ရဲ့ သမိုင်းကျမ်းတွေ ပြုစုရေးနဲ့ ရှေးအထောက်အထားတွေ ဖော်ထုတ်ရေးမှာ ဆောင်ပုဒ်က "ရှာဖွေ – စုဆောင်း၊ စုဆောင်း – ရေးသား၊ ရေးသား – ပုံနှိပ်" ဖြစ်ပါတယ်။ အဲဒီ

mgyoe.com

mgyoe.com

ဆောင်ပုဒ်အတိုင်းပဲ ဒေါ်ကြန်ဖော်ဆောင် ရေးသားခဲ့တာမှာ "ရေးသားမှု အားပျော့နေသောအခါ ရှာဖွေ – စုဆောင်း၊ စုဆောင်း – ပုံထား ဖြစ်နေ၍ နယ်မြေအနှံ့ ခြေဆန့်သည့်လုပ်ငန်းကို ခေတ္တရပ်ဆိုင်းထားရသည်။ ကြိုးစား၍ ရေးကြသည်။ ထိုအခါ ပုံနှိပ်အခက်အခဲကြောင့် ရေးသား – ပုံထား ဖြစ်လာပြန်သည်။ စုဆောင်း – ပုံထား၊ ရေးသား – ပုံထား ဖြစ်နေသဖြင့် ရေးအားလျော့ကြသည်။" လို့ တင်ပြထားပါတယ်။

ဒေါ်ကြန်ဟာ အခုလိုရှာဖွေ – စုဆောင်း – ရေးသားကိုလက်ခံပြီး အထောက်အထားတွေလည်း စုဆောင်း၊ စုဆောင်းလို့ရလာတဲ့ အထောက်အထားတွေနဲ့ ရေးသားပြုစုခဲ့တာမှာ မြန်မာ့သမိုင်းဆိုင်ရာ စာအုပ်ကြီး နှစ်အုပ်ဟာ ခုံခုံညားညားနဲ့ ထွက်ပေါ်လာပါတယ်။

ဒေါ်ကြန်ရယ်လို့လည်း မြန်မာ့သမိုင်းသုတေသန လောကမှာ ထင်ရှားလာခဲ့ပါတယ်။ အဲဒီစာအုပ်ကြီး နှစ်အုပ်ကတော့ မြန်မာနိုင်ငံအခြေအနေ (၁၈၈၅ – ၁၈၈၆)နဲ့ ပဒေသရာဇ် မြန်မာနိုင်ငံ ဇာတ်သိမ်းဆိုတဲ့ သုတေသနပြု ရေးသားထားတဲ့စာအုပ်တွေပါ။ ရေးအားကောင်းကောင်းနဲ့ ရေးပေးခဲ့တဲ့ သမိုင်းဆိုင်ရာ စာတမ်းတွေ သမိုင်းဆောင်းပါးတွေ အများအပြား ထွက်လာပါတယ်။

ဒေါ်ကြန် ရှာဖွေစုဆောင်း ရေးသားထားတဲ့ စာစုတွေကို စုစည်းပြီး သမိုင်းရှာပုံတော်ဆိုတဲ့ ခေါင်းစဉ်ပေးလို့ စာအုပ်တစ်အုပ်အဖြစ် ပေါ်ထွက်ခဲ့ရာမှာ ၂၀၀၂ ခုနှစ် အမျိုးသားစာပေ–သုတပဒေသာ ဝိဇ္ဇာဆုကို ရခဲ့တာပါ။ စာတမ်းဆောင်းပါးပေါင်း အပုဒ်ရေ ၅၀ ပါဝင်ပါတယ်။ မြန်မာ့သမိုင်းဆိုင်ရာ အချက်အလက်တွေကို စာဖတ်သူ လေ့လာသူတို့က ကောင်းကောင်းသိခဲ့ရပါတယ်။ နောက်တစ်အုပ်ကတော့ စာတမ်းငယ်တွေကို စုစည်းပြီး မြန်မာသမိုင်းအဖွဲ့ကနေ ၂၀၀၅ ခုနှစ်မှာ ထုတ်ဝေခဲ့တယ်။ ဒေါ်ကြန်လက်ရွေးစင်စာတမ်းများ (Selected Writings of Daw Kyan) ခေါင်းစီးနဲ့ စာတမ်းအများအပြားကို စုစည်းလို့ စာစုတစ်အုပ်အဖြစ် ပေါ်ထွက်လာခဲ့ရပါတယ်။ အပုဒ်ရေကတော့ ၁၆ ပုဒ်ပါဝင်တယ်။

အခု ဒေါ်ကြန်ရေးသားတဲ့ စာတမ်းငယ်နှစ်ပုဒ်နဲ့ ပတ်သက်လို့ ခရီးသွားမှုဆိုင်ရာ စာတမ်းကြီးတစ်အုပ်နဲ့ စာတမ်းငယ်တစ်ပုဒ်အကြောင်းပါ။ တစ်ပုဒ်ကတော့ ဒေါ်ကြန် လက်ရွေးစင် စာတမ်းများထဲမှာ "ဘင်္ဂလားသွားမြန်မာသံအဖွဲ့၊ အေဒီ ၁၈၃၀" နဲ့သမိုင်းရှာပုံတော်စာစုထဲက "ကာလကုတသွားရာဇဝင်စာ" တို့ဖြစ်တယ်။ ဘင်္ဂလားသွားစာတမ်းကိုတော့ ၁၉၆၃ ခုနှစ်မှာ မြန်မာနိုင်ငံ သမိုင်းကော်မရှင်ကနေ ထုတ်ဝေ

mgyoe.com

mgyoe.com


တယ်။ အဲဒီစာတမ်းကို အခြေခံလို့ ဘင်္ဂလားသွားမြန်မာသံအဖွဲ့ဆိုပြီး စာတမ်းငယ် တစ်စောင် ရေးခဲ့တာဖြစ်တယ်။ နောက်တစ်ပုဒ်ဖြစ်တဲ့ ကာလကုတသွား ရာဇဝင်ဆိုတာ က "ဘင်္ဂလားမြို့သို့ မော်လမြိုင်မြို့က သက္ကရာဇ် ၁၁၇၉ ခုနှစ်သွား၍ သိမြင်ခဲ့သမျှ အများ ကြားသိရအောင် အခွန်တော်ဝန် မောင်ရွှေထွန်း စီကုံးရေးသားသည့် ရာဇဝင်စာ" အပေါ်အခြေခံလို့ ထုတ်နုတ်ရေးသားပြခဲ့တယ်။ မောင်ရွှေထွန်းရဲ့ ရာဇဝင်စာက ၁၈၃၆ ခုနှစ် မော်လမြိုင်မြို့၊ Free School Press ကနေ ပုံနှိပ်ထုတ်ဝေခဲ့တာပါ။ ဒီစာတမ်း နှစ်စောင်က အိန္ဒိယနိုင်ငံသွားမှတ်တမ်းလို့ ပြောနေသလိုပါပဲ။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ခရီးသွား နှစ်ဟာ ၅ နှစ် ကွာခြားတာကို တွေ့ရပါတယ်။ အဲဒီအချိန်ကာလမှာ နိုင်ငံတစ်နိုင်ငံရဲ့ ခရီးသွားဆိုင်ရာ ရေကြောင်းပို့ဆောင်ရေးဟာ အတော်အတန် မပြောင်းလဲဘူးဆိုတာကို တွေ့ရပါတယ်။

ရေကြောင်းခရီးကိုသာ အားထားနေကြတာမို့ ခရီးသွားမှတ်တမ်းတင်ကြတဲ့အခါ သင်္ဘောဆိပ်ကနေထွက် ပင်လယ်ကို ဖြတ်သွားလိုတဲ့ နိုင်ငံမြို့ကို ရောက်ခဲ့ကြတဲ့ အကြောင်းကိုမှတ်တမ်းတင်ကြတာပါပဲ။

ကြာကြာနေတဲ့သူကတော့ ရောက်ရှိတဲ့နိုင်ငံမှာ အတွေ့အကြုံဗဟုသုတကို မှတ် တမ်းတင်ပြီး ပြန်လို့ရေးပြ ပြောပြတတ်ကြတာပါ။

စာရေးတင်ပြကြရာမှာ မိမိတို့ခေတ်အခါ အသုံးအနှုန်းအခေါ်အဝေါ်နဲ့ ရေးသား တင်ပြကြပါတယ်။ အထူးသဖြင့်ကတော့ လူပုဂ္ဂိုလ်အမည်များပါ။ နောက်နေရာဒေသ အခေါ်အမည်တွေကို မိမိတို့ ခေါ်ဝေါ်ရေးတတ်သလို မှတ်တမ်းတင်ခဲ့ကြတာကိုလည်း တွေ့ရပြန်တယ်။

အခေါ်အဝေါ်များ အခုအခေါ်နဲ့ ကွာခြားနေပါတယ်။ ပြန်စစ်ကြည့်ရင် အခုလို တွေ့ရပါမယ်။ တတ်သလို အသံဖလှယ်ထားတဲ့ စကားလုံးတွေဟာ ယနေ့ မြန်မာ သမိုင်း လေ့လာသူတို့အတွက် အသုံးဝင်လှပါတယ်။

ကာလကုတ (ကာလကတ္တားမြို့)
ကာလဗံကပ် (Colvin's Ghaut)
ဂင်္ဂါသာခက်ကမ်း (Sangor Shore)
လှောင်လှင်ပေလင်တိုက် (London Palace)
ဝိလဝတ်သင်္ဘော (Will Watch)
ပြီးရဇိရာသင်္ဘော (Virginie)

mgyoe.com

mgyoe.com

ဘင်္ဂလားအရှင်ခေါင်နံ့ဇနံ (Governor General of Bengal)

ဗော်ရောဖော့ (Buoy)

ဗြိတိနိယား (Britannia) လို့ အသံလှယ်ခေါ်ယူကြရာမှာ မိမိတို့ တတ်သလို မှတ်သလို ခေါ်ခဲ့ကြရေးမှတ်ခဲ့ကြပြီး ယနေ့ခေတ်သိရှိနားလည်နေတဲ့ အခေါ်များကို အလွယ်တကူ ပြန်ရှာရနိုင်အောင် သဲလွန်စရခဲ့တယ်။

ဘင်္ဂလားသွားစာတမ်းဆိုရင်လည်း လူအမည်တွေကို လေ့လာမယ်ဆိုရင် မယ်စယ်ဆော်ရနီ (မေဂျာဘာနေ)၊ မတ်ကလပ် (Metcalfe) ၊ ဇော်ဇ္ဇိန်တွံ (George Swinton)။ မြို့အမည်များကိုလည်း အာဇနတ် (Barrackpur) ၊ မောက်သူဇာဘတ် (Murshidabad) ၊ မုံဂရာဇ် (Monghis) ၊ ပဋ္ဌနာ (Patna) ၊ ဗာရဏသီ၊ အီလာဗတ် (Allahabad) ၊ ကမ္ဘူ (Cawnpore) ၊ ဘရာကာဗက် (Farrukhabad)၊ အာဂရာ (Agra) ၊ ဖို့ဒ်ဂလောက်စတာ (Fort Gloucester) ဆိုပြီး မြို့ဒေသအမည်တွေကို ဖတ်ရပါမယ်။ အစဖော်ဖတ်ပေးသူ မရှိခဲ့ရင် နိုင်ငံနေရပ်ဒေသအမှန်ကို ရှာတွေ့မယ် မဟုတ်ပါ။ ဘယ်လိုမှ မခေါ်တတ်လို့ ထင်ရာမြင်ရာ ဖတ်လို့လည်း မရနိုင်တာမို့ အခုလို ဒေသအမည်မှန်တွေကို ဖော်ထုတ်ပေးလိုက်တဲ့ ဒေါ်ကြန်ကို အသိမှတ်ပြု ကျေးဇူးတင်ကြရမှာပါ။

စီးခဲ့တဲ့ သင်္ဘောအမည်ကို ပြန်ပြီးလေ့လာတော့ စွာလော့ (The Swallow) ဆိုတဲ့အမည်က သင်္ဘောအမည်ဖြစ်ပြီး၊ အာဂရာမှာ ထင်ရှားတဲ့ တပ်ချ်မဟာ အဆောက် အအုံကိုတော့ တသဗိဗိတိုက် (Taj Mahal) လို့ခေါ်တယ်ဆိုတာတွေကို ဟိုတစ်ချိန် ကာလအခေါ်များကိုသာ သိရပြီး ဒီကနေ့ခေတ် အခေါ်တွေနဲ့ ဆက်စပ်ပေးနိုင်ခဲ့ပြန် တယ်။ သမိုင်းပညာရှင် သုတေသီရဲ့ အားထုတ်မှုဟာ လူအများအတွက်ဆိုတာကို ဒေါ်ကြန်က ကောင်းကောင်းကို ပြသခဲ့တာပါပဲ။

၈၊ ဖေဖော်ဝါရီ၊ ၂၀၁၈

❑

mgyoe.com

mgyoe.com

## သမိုင်းတစ်ခေတ် ထွန်းတောက်စေခဲ့သူများမှ ဆရာမကြီး ဒေါ်ကြန်

➤➤➤ ဒေါက်တာထွန်းထွန်းဦး (သမိုင်း)

နိုင်ငံတကာတွင်သာမက မြန်မာနိုင်ငံတွင်ပါ ဘာသာရပ် နယ်ပယ်တိုင်းလိုလိုတွင် သူ့ခေတ်သူ့အခါသာမက ခေတ်အဆက်ဆက် အရှိန်အဝါကြီးရင့်လှသော ပညာရှင် ဆရာကြီး၊ ဆရာမကြီးများ ပေါ်ထွက်လေ့ ရှိကြသည်။ ဤသည်မှာ ဘာသာရပ် သုတေသနလုပ်ငန်း စဉ်ဆက်မပြတ် အောင်မြင်နေသည်ဟု သုံးသပ်နိုင်ပေသည်။ အကယ်၍ ကြားကွက်လပ်များ ရှိနေပါက သုတေသနလုပ်ငန်းများ ယုတ်လျော့နေသည်ဟု မှတ်ယူနိုင်ပြီး နောင် သုတေသနဘာသာရပ် တိုးတက်မှုအတွက် စိုးရိမ်စရာ ရှိလာနိုင်ကာ လူမှုအဖွဲ့အစည်းအထိပါ ထိခိုက်နိုင်သည်ဟု ယူဆနိုင်ပေသည်။

မြန်မာနိုင်ငံ၏ သမိုင်းဘာသာရပ် နယ်ပယ်ကို ကြည့်ပါက သူ့ခေတ်သူ့အခါက ကျော်ကြားခဲ့သော သမိုင်းပညာရှင်ကြီးများ ယခင်က ရှိခဲ့သကဲ့သို့ ယနေ့တိုင်လည်း ရှိနေသေးသည်ကို မြင်တွေ့နိုင်ပေသည်။ မိမိလက်လှမ်းမီသမျှ ပြောပြရသော် အသက် ၁၀၀ တန်း၊ အသက် ၉၀ ဝန်းကျင်တန်း၊ အသက် ၈၀ ဝန်းကျင်တန်း၊ အသက် ၇၀ ဝန်းကျင်တန်း၊ အသက် ၆၀ ဝန်းကျင်တန်း ဟူ၍ အသီးသီး အားကောင်းမောင်းသန်လှစွာ ရှိနေသေးပေသည်။ ယနေ့ကျန်ရှိနေသော အသက် ၉၀ ဝန်းကျင်တန်းကို ပြန်ကြည့်ပါက မြန်မာသမိုင်းအဖွဲ့၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဆရာကြီး ဦးစိုင်းအောင်ထွန်း၊ ဆရာကြီး ဦးထွန်းအောင်ချိန်၊ ဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ စည်သူ

mgyoe.com

mgyoe.com
ဒေါက်တာခင်မောင်ညွန့်၊ ဆရာကြီး ဦးလှသိန်း၊ ဆရာမကြီး ဒေါ်အုန်းကြည်၊ ဆရာကြီး စည်သူဒေါက်တာသော်ကောင်း တို့ကဲ့သို့သော နိုင်ငံတကာက လေးစားအသိအမှတ်ပြုရသော သမိုင်းပညာရှင်များကို တွေ့မြင်ရမည် ဖြစ်သည်။ ထို့အတူပင် အသက် ၈၀ ဝန်းကျင်တန်းတွင်လည်း သမိုင်းပညာရှင်ကြီးများ ဖြစ်ကြသော မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ–၁ ဆရာကြီး ဦးသန်းဆွေ (မောင်သန်းဆွေ၊ ထားဝယ်)၊ မြန်မာသမိုင်း အဖွဲ့ ဒုတိယဥက္ကဋ္ဌ–၂ ဆရာကြီး ဒေါက်တာတိုးလှ၊ မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဆရာကြီး ဒေါက်တာကျော်ဝင်း၊ မြန်မာသမိုင်းအဖွဲ့ဝင်များ ဖြစ်ကြသော ဆရာကြီး ဦးကျော်၊ ဆရာမကြီး ဒေါ်နီနီမြင့်၊ ဆရာကြီး ဦးသိန်းလှိုင်၊ ဆရာကြီး ဦးမြဟန်၊ ဆရာကြီး ဦးစံဝင်း၊ ဆရာမကြီး ဒေါက်တာခင်လှဟန် တို့ကို တွေ့မြင်ရမည်ဖြစ်သည်။ အသက် ၇၀ ဝန်းကျင်တန်း သမိုင်းပညာရှင်များ ဖြစ်ကြသော မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဆရာကြီး ဒေါက်တာဘမောင်၊ ဆရာကြီး ဦးကျော်ငြိမ်း၊ ဆရာကြီး ဦးသန်းလွင်၊ ဆရာကြီး ဒေါက်တာမြင့်သိန်း၊ ဆရာကြီး ဒေါက်တာစိန်မြင့်၊ ဆရာကြီး ဦးနီတွတ် အစရှိသည်တို့ကို တွေ့မြင်ရမည် ဖြစ်သည်။ အဆိုပါသမိုင်းပညာရှင်များနောက်တွင် အသက်၆၀ ဝန်းကျင်တန်း ဖြစ်ကြသည့် မျိုးဆက်သစ်များဖြစ်ကြသော သမိုင်းသုတေသနမှ ဝန်ထမ်းများ၊ တက္ကသိုလ် အသီးသီးမှ သမိုင်းပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများအပြင် အသက် ၅၀ ဝန်းကျင်တန်း ဖြစ်ကြသည့် ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများ အစရှိသည်တို့ အပြင် ပြင်ပသုတေသီများကိုလည်း တွေ့မြင်ရသဖြင့် ယနေ့အထိ ကွင်းဆက်မပြတ်သေးသည့်အလားအလာကြောင့် မြန်မာ့သမိုင်းအနာဂတ်သည် ထွန်းလင်းတောက်ပနေဦးမည်သာ ဖြစ်ပေသည်။

အဆိုပါ ဆရာကြီး၊ ဆရာမကြီးများသည် ယနေ့အထိ သမိုင်းအသိုက်အဝန်းတွင် အရှိန်အဝါ ကြီးလှပေသည်။ ကြီးလှအောင်လည်း ၎င်းတို့၌ ဆိုင်ရာခေတ်များတွင် အထူးပြု သုတေသန လုပ်နေကြသူများ ဖြစ်ကြသည်။ ဆိုင်ရာခေတ်များတွင် ပြည်တွင်း ပြည်ပမှ Authority ဟု အသိအမှတ်ပြုကြသည်။ ဥပမာအားဖြင့် ဆရာကြီးဒေါက်တာတိုးလှ ဆိုလျှင် ကုန်းဘောင်ခေတ် Authority ဟု အသိအမှတ်ပြုရုံသာမက ခေတ်ဟောင်းသမိုင်းတွင် သမိုင်းသုတေသီများ အားကိုးအားထားရလောက်အောင် ကျွမ်းကျင်နှံ့စပ်သိမြင်သူ ဖြစ်ပြီး မွေးထုတ်လိုက်သော သမိုင်းစာများသည်လည်း အသိသစ်၊ အမြင်သစ် မပါသည်မရှိ။ သမိုင်းနှင့် မကင်းကွာသူများက ဆရာကြီး၏ သမိုင်းစာများ
mgyoe.com

mgyoe.com


ကို ကိုးကားညွှန်းဆိုရလေသည်။

အဆိုပါ ဆရာကြီး၊ ဆရာမကြီးများအပြင် ယနေ့အသက် ၁၀၀ တန်းတွင်မူ ဆရာမကြီး ဒေါ်ကြန်ဟူ၍ တစ်ဦးတည်းသာ ကျန်ရှိနေတော့သည်ကို တွေ့ရသည်။ ဆရာမကြီးသည် ယခုအခါ အသက် ၁၀၀ ပြည့် မြောက်လာပြီဖြစ်သည်။ ဆရာမကြီး၏ ဘဝတစ်လျှောက်လုံးတွင်လည်း သမိုင်းဖြင့်ပင် နစ်မြုပ်ထားပြီး မျိုးဆက်သစ်များအတွက် သမိုင်းစာများ ရေးထုတ်လျက် ရှိပေသည်။ ဆရာမကြီး၏ အကျွမ်းကျင်ဆုံး အပိုင်နိုင်ဆုံးသော ခေတ်ကိုပြပါဆိုလျှင် ကုန်းဘောင်ခေတ်နှင့် ကိုလိုနီခေတ်ကို ညွှန်းရမည်ဖြစ်သည်။ ဆရာမကြီး အထူးပြုလေ့လာသော ၁၈၂၆–၁၈၈၅ ခုနှစ် ကုန်းဘောင်ခေတ်ကာလသည် အထက်မြန်မာနိုင်ငံ၌ မြန်မာမင်း အုပ်စိုးနေသောကာလနှင့် အောက်မြန်မာနိုင်ငံတွင် အင်္ဂလိပ်တို့ အုပ်စိုးနေချိန်ဖြစ်သည်။ သို့နှင့် မြန်မာမင်း အုပ်စိုးသော ကုန်းဘောင်ခေတ်ကို သုတေသနပြု ရေးသားရာတွင် ယင်းနှင့်အပြိုင် အင်္ဂလိပ်အုပ်စိုးသော အောက်မြန်မာနိုင်ငံ အကြောင်းကိုပါ သုတေသနပြု လေ့လာရသောအခါ မော်ကွန်းမှ အင်္ဂလိပ်အထောက်အထားများကို အသုံးချပြီး နှောင်းသုတေသီများ အားကိုးရလောက်အောင် သမိုင်းစာများ ဖန်တီးထုတ်လုပ်လေသည်။ ထို့ကြောင့် ဆရာမကြီး၏ ကုန်းဘောင်ခေတ်နှင့် ကိုလိုနီခေတ်ဆိုင်ရာ ပြုစုရေးသား ထုတ်ဝေခဲ့သည့် သမိုင်းစာများကိုလည်း သမိုင်းသုတေသီများ လက်မလွှတ်တမ်း အားကိုးအားထား ပြုရသည်သာ။ ဆရာမကြီး၏ သမိုင်းအတွေး၊ သမိုင်းအရေးများသည် စံအဖြစ် ဖတ်ရှုလေ့လာရပေသည်။

ထို့ပြင် 'သမိုင်းဆိုသည်မှာ ဘာလဲ' ဟူသော မေးခွန်းနှင့် ပတ်သက်၍ ဆရာကြီး ဦးစိုင်းအောင်ထွန်း၊ ဆရာကြီး ဦးထွန်းအောင်ချိန်၊ ဆရာကြီး ဒေါက်တာတိုးလှ အစရှိသည့် သမိုင်းပညာရှင်ကြီးများက ရှင်းလင်းစွာ ပြုစုရေးသားထားကြသည်သာမက ဆရာမကြီး ရှင်းရှင်းလင်းလင်း ပြုစုရေးသားထားသည့် 'သမိုင်း'ဟူသည် စာတမ်းနှင့် နှိုင်းယှဉ်လေ့လာ ဖတ်ရှုနိုင်ပေသည်။ ထိုသို့ နှိုင်းယှဉ်လေ့လာ ဖတ်ရှုနိုင်ခြင်းအားဖြင့် သမိုင်းကို ရှင်းလင်းနားလည် သဘောပေါက်သည်ထက် ပေါက်သွားမည်သာ ဖြစ်သည်။

ဖော်ပြပါအတိုင်း ဆရာကြီး၊ ဆရာမကြီးများသည် အားကိုးအားထား ပြုရလောက်အောင် သမိုင်းစာများကို ပြုစုရေးသားခဲ့ကြသည်။ ၎င်းတို့၏ သမိုင်းလက်ရာများကို ပြည်ထောင်စု မြန်မာနိုင်ငံ စာပေနှင့် လူမှုရေးသိပ္ပံဂျာနယ် (Union of Burma

mgyoe.com

mgyoe.com


(Myanmar) Journal of Literary and Social Science)၊ မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ် (Journal of the Burma (Myanmar) Research Society/ JBRS)၊ မြန်မာသမိုင်းသုတေသနစာစောင် (Myanmar Historical Research Journal) ၊ တက္ကသိုလ်ပညာပဒေသာစာစောင်များတွင် တွေ့မြင်နိုင်ပေသည်။ အဆိုပါ ဂျာနယ်များရှိ သမိုင်းလက်ရာများသာမက ၎င်းတို့၏ တစ်ကိုယ်တော် လက်ရာများ ဖြစ်ကြသော သမိုင်းကျမ်းများကိုလည်း တွေ့နိုင်ပေသည်။ ယင်းတို့ ပြုစုမွေးထုတ်လိုက်သော သမိုင်းစာများသည် ယနေ့ထိတိုင် လက်မလွှတ်တမ်း အားကိုးအားထား ပြုနေရသော သမိုင်းလက်ရာများပင် ဖြစ်သည်။ အဆိုပါ ဆရာကြီး၊ ဆရာမကြီးများသည် ဖော်ပြပါအတိုင်း သမိုင်းစာ၊ သမိုင်းလက်ရာများကို ဖန်တီးထုတ်လုပ်ရုံသာမက အနာဂတ်သမိုင်းအတွက် သမိုင်းမျိုးဆက်သစ်များကို မွေးထုတ်ပေးခြင်းဖြင့် မျိုးစေ့များကို ချပေးခဲ့ကြပြန်သည်။ ဆက်လက်၍လည်း အရှိန်အဟုန်ဖြင့် သွားနေကြဆဲ။ သမိုင်းဟူသော အသံကြားလိုက်သည်နှင့် အသက်အရွယ် ကျန်းမာရေးကိုပင် မငဲ့၊ အရောက်လာပြီး ပါဝင်ဆင်နွှဲကြသည်အထိ စိတ်နှလုံးသားအတွင်းတွင် သမိုင်းက အစဉ်ရှင်သန်နေရာယူထားကြသည်။ သမိုင်းတာဝန် ကျေပွန်လိုက်ပါဘိ။

မြန်မာသမိုင်းအဖွဲ့တွင် ယခင်က တက္ကသိုလ်အသီးသီးမှ အသက် ၅၅ နှစ်တွင် အငြိမ်းစားယူခဲ့ကြပြီးမှ သင်ကြားရေးတွင်သာမက သုတေသန နယ်ပယ်တွင်ပါ ထူးချွန်ထက်မြက် ပိုင်နိုင်သူများကို မြန်မာသမိုင်းအဖွဲ့တွင် တာဝန်ထမ်းဆောင်ကြစေသည်ကို တွေ့ရသည့်အတွက် သမိုင်းနှင့် ပတ်သက်၍ အရှိန်အဟုန် ကောင်းကောင်းဖြင့် လှုပ်ရှားသွားလာ စိတ်သွားတိုင်းကိုယ်ပါ ဖြစ်ခဲ့ကြသည်။ ယခုအခါ အသက် ၆၀ နှစ်တွင် အငြိမ်းစားယူပြီးနောက် အတော်ကြာမှ မြန်မာသမိုင်းအဖွဲ့ဝင်များ ဖြစ်လာသည့်အတွက် တဒင်္ဂသော အရှိန်ကလေး တန့်သွားပြီးမှ ပြန်လည်အားသစ် လောင်းရသည် ဖြစ်သဖြင့် အခိုက်အတန့် အချိန်ကာလတစ်ခု ဖြတ်ကျော်နေရသကဲ့သို့ ဖြစ်နေသည်ကို တွေ့ရသည်။ သို့သော် ကံကောင်းသည်က အားလုံးသော မြန်မာသမိုင်း အဖွဲ့ဝင်များသည် **စာဝမ်းစာ** ပြည့်ဝသူများ ဖြစ်ကြသည့်အတွက် ယင်းအခိုက်အတန့် အချိန်ကာလကို ဖြတ်ကျော်မှန်းမသိ ဖြတ်ကျော်သွားခဲ့သည်။ အဟောင်း အသစ် ကွင်းဆက်သကဲ့သို့ မြင်နေရသည့်အတွက် ဆရာကြီး၊ ဆရာမကြီးများသည် သူ့ခေတ်သူ့အခါတွင် သမိုင်းတစ်ခေတ် ထွန်းတောက်အောင် ဆောင်ရွက်ခဲ့ကြသူများပင် ဆိုချင်ပါသည်။

ထို့အတူပင် နောက်မျိုးဆက်သစ်များတွင် ခေတ်ကာလအလျောက် ဆရာကြီး၊

mgyoe.com

mgyoe.com


ဆရာမကြီးများကဲ့သို့ သမိုင်းတစ်ခေတ် ထွန်းတောက်အောင် လုပ်ဆောင်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း ထွက်ပေါ်လာမည့် သမိုင်းအဖြေကို မျှော်မှန်းမိပေသည်။ သို့ဖြစ်သည်နှင့်အညီ ယနေ့ အသက် ၁၀၀ (ရာပြည့်)တန်းဝင် သမိုင်းပညာရှင် ဆရာမကြီး ဒေါ်ကြန် (စည်သူဒေါ်ကြန်)၏ ထူးချွန်ထင်ရှားသည့် အမျိုးသားစာပေဆုချည်းငါးကြိမ်တိတိ ရ,ထားသူ၏ ရာပြည့်နှစ် (၂၀၁၈၊ ဇူလိုင် ၁ ရက်) အတွက် အမှတ်တရ ရေးသား ဂုဏ်ပြုအပ်ပေသတည်း။

❑

mgyoe.com

mgyoe.com

## ရာပြည့်သမိုင်းဒေဝီ

➤➤➤ ဦးအေးချို (မဟာဝိဇ္ဇာ)

ဆရာတိုက်စိုး နှစ်ရှစ်ဆယ်ပြည့်စဉ်က သူရဇော်၊ ကျွန်တော်၊ အောင်မိုးဆောင်းနှင့် ကိုမြင့်ထွန်း (Quality) တို့ လေးဦးပေါင်းပြီး **'စာသမားတိုက်စိုး'** စာအုပ်ထုတ်ကာ ဆရာ့မွေးနေ့လက်ဆောင် ပေးခဲ့သည်။ ထိုစာအုပ်အတွင်း၌ ဆရာတိုက်စိုး အသက် ၁၀၀ ပြည့်သောအခါတွင်လည်း ရာပြည့်တိုက်စိုး စာအုပ်ထုတ်၍ လက်ဆောင်ပေးဦးမည်။ ထိုစဉ်ကာလ၌ ဆရာတိုက်စိုးသည် မျက်စိသိဝေနေ၍ စာမဖတ်နိုင်ဆိုငြားအံ့၊ ကျွန်တော်တို့သည် ဆရာတိုက်စိုး၏ နားအနီးကပ်၍ တိုးတိတ်ညင်သာစွာ စာလက်ဆောင်များကို ဖတ်ပြနေဦးမည်ဟုလည်း အမှာစာ၌ ထည့်ရေးထားသည်။ သို့သော် ဆရာတိုက်စိုးသည် အသက် ၁၀၀ မနေရဘဲ (၄-၅-၂၀၀၃) နေ့တွင် ကွယ်လွန်သွားသည်။ ဆရာတိုက်စိုးသည် (၂၀-၉-၁၉၂၀) နေ့ဖွားဖြစ်သောကြောင့် ၈၃ နှစ်အတွင်းဟုဆိုရပေမည်။

သူရဇော်၊ ကျွန်တော်နှင့် အောင်မိုးဆောင်းတို့ သုံးဦး မကြာမကြာဆုံမိစဉ် ဆရာဇော်ဂျီ၏ ၁၁၁ နှစ်ပြည့်စာအုပ်ထုတ်ရန် တိုင်ပင်ကြသည်။ စိတ်ကူးချိုချို ကိုစန်းဦးက ဆရာဇော်ဂျီ ၁၁၁ နှစ်ပြည့် စာအုပ်ထုတ်ပေးမည် ဆိုသောကြောင့် အကောင်အထည်ဖော်သွားသည်။ ထိုစဉ် စကားစပ်မိကြရင်း ယခု ၂၀၁၈ခုနှစ်တွင် ဆရာမကြီးဒေါ်ကြန် နှစ် ၁၀၀ ပြည့်ဟု အောင်မိုးဆောင်းက ဆိုသည်။ ကျွန်တော်တို့သိထားသည့် ဆရာမ

mgyoe.com

mgyoe.com


ကြီးဒေါ်ကြန်၏ မွေးနေ့မှာ (၁–၇–၁၉၁၉) ဖြစ်သောကြောင့် တစ်နှစ်လိုသေးသည်။ (၁–၇–၂၀၁၉) မှ နှစ် ၁၀၀ ပြည့်မည်။

အောင်မိုးဆောင်းသည် သူရထားသည့် အထောက်အထားတစ်ရပ်ကို အလျော့မပေးဘဲ ဆုပ်ကိုင်ထားတတ်သူ ဖြစ်သည်။ ဒေါ်ကြန်သည် ၁၉၁၈ ခုနှစ်တွင် မွေးသည်ဟု သူက ခိုင်ခိုင်မာမာဆိုသည်။ ကျွန်တော်တို့နှစ်ဦး သူ့ကို လျော့ပေးလိုက်သည်။ ၁၉၁၉ ခုနှစ်၌ မွေးသည်မှန်လျှင်လည်း ၂၀၁၈ ခုနှစ်သည် နှစ် ၁၀၀ အဝင် ဆိုနိုင်သည်။ ရဟန်းတော်များ၊ ပဥ္စင်းခံနိုင်ရန် အသက် ၁၉ နှစ်ပြည့် ကျော်သွားလျှင် သန္ဓေသက်ကိုယူ၍ ၂၀ ပြည့်သည့် သဘောမျိုးပင် ဤသို့ဖြင့် ဆရာမကြီးဒေါ်ကြန် နှစ် ၁၀၀ ဂုဏ်ပြုပွဲ စာအုပ်ထုတ်မည်။ ဤစိတ်ကူးဖြင့် စာမူများ စုဆောင်းသည်။

ဒေါ်ကြန်ကို ကျွန်တော်သိခဲ့သည်မှာ ကြာပြီ။ ၁၉၆၅ ခုနှစ်တွင် တက္ကသိုလ်ပညာပဒေသာစာစောင် စတင်ထုတ်ဝေသည်။ တက္ကသိုလ်ပညာ ပဒေသာစာစောင်တွင် ဒေါ်ကြန်သည် သမိုင်းစာတမ်းများ ရေးသားနေကြောင်း တွေ့ရသည်။ ကျွန်တော်တို့သည် ထိုကာလများက 'သုတဘုံ'အတွင်း အရူးလွယ်အိတ်တစ်လုံး လွယ်လျက် လှည့်လည်ရှာဖွေနေကြရာ တက္ကသိုလ်ပညာပဒေသာစာစောင်၌ ဖော်ပြထားသော စာတမ်းများကို မလွတ်တမ်း ရှာဖွေဖတ်ရှုသည်။ ဝယ်ယူစုဆောင်းသည်။ တက္ကသိုလ်ပညာပဒေသာစာစောင်၌ တန်ဖိုးကြီးမားသော ပညာရပ်ဆိုင်ရာ စာတမ်းများ ပါဝင်သော်လည်း ရောင်းဈေးတန်ဖိုးမှာ သုံးကျပ်မျှသာဖြစ်၍ ဝယ်ဖတ်နိုင်သည်။

ဆရာမကြီးဒေါ်ကြန်၏ သမိုင်းစာတမ်းများမှာ မဖတ်မနေဖတ်ရှုရမည့် မှတ်သားစရာများကို မှတ်သားထားရမည့် စာတမ်းများဖြစ်သည်။ ၁၉၇၈–ခုနှစ်တွင် ဆရာမကြီးဒေါ်ကြန်၏ **'မြန်မာနိုင်ငံအခြေအနေ (၁၈၈၅–၈၆)'** သမိုင်းကျမ်း ထွက်လာသည်။ ထိုနှစ်အတွက် သုတပဒေသာ ဝိဇ္ဇာဘာသာရပ် အမျိုးသားစာပေဆု ရသည်။ ၁၉၈၁–ခုနှစ်တွင် **'ပဒေသရာဇ်မြန်မာနိုင်ငံ၏ဓာတ်သိမ်း'** သမိုင်းကျမ်းကြီး ထွက်လာသည်။ ဤသမိုင်းကျမ်း နှစ်စောင်သည် မြန်မာနိုင်ငံတော်၏ ပဒေသရာဇ်ခေတ်နိဂုံးပိုင်းကို ပြည့်ပြည့်စုံစုံ ရေးသားခဲ့သော ကျမ်းများဖြစ်သည်။ ထိုကျမ်းစာအုပ်များကိုလည်း ချွေတာစုဆောင်း၍ ဝယ်ယူဖတ်ရှု သိမ်းဆည်းထားပါသည်။ သမိုင်းကျမ်းများဖြစ်၍ သမိုင်းတွင်အောင် ပြောချင်ပါသည်။ ထိုကျမ်းစာနှစ်စောင်သည် တစ်စောင်လျှင် တစ်ဆယ့်ငါးကျပ်မျှနှင့် ဝယ်ရပါသည်။

ကျွန်တော်သည် ၁၉၈၅ ခုနှစ်တွင် စာပေဗိမာန်စာမူပြိုင်ပွဲသို့ **'ငါးရှာငါးဆယ်**

mgyoe.com

**သိမှတ်ဖွယ်'** ကျမ်းစာကို တင်သွင်းပြီး ဝင်ရောက်ယှဉ်ပြိုင်လိုက်ပါသည်။ မိမိစာမူ အခြေအနေကို အချက်အလက် အထောက်အထားအပေါ် ယုံကြည်သည်။ အမှားကင်းစင်ကြောင်းလည်း ယုံကြည်သည်။ သို့သော် စာမူပြိုင်ပွဲ၏ သဘောသဘာဝ အနှစ်သာရကို နားမလည်သောကြောင့် မျှော်မှန်းမိခြင်းမရှိ။ ရင်ခုန်စိတ်လှုပ်ရှားခြင်းလည်း မဖြစ်မိ။ စာပေဗိမာန် စာတည်းအဖွဲ့တွင် သူငယ်ချင်း ဦးမျိုးမြင့်သောင်း ရှိသော်လည်း စာမူပြိုင်ပွဲဝင်ထားကြောင်း သူ့ကို ပြောပင်မပြောပေ။ တစ်ဆက်တည်း ပြောရလျှင် စာတည်းတစ်ဦးဖြစ်သူ ဆရာမ မနှင်းဖွေးနှင့်လည်း တစ်ရပ်ကွက်သားချင်း ဖြစ်သည်။ ဆရာမ မနှင်းဖွေး၏ခင်ပွန်း ဆရာဦးအေးလွင်နှင့်လည်း ထိုစဉ်ကာလက ရှေ့နေအတူလုပ်နေသော အချိန်ဖြစ်သည်။ သို့သော် မနှင်းဖွေးကိုလည်း အသိမပေး။ လေသံမျှပင်မဟ။ ထိုစာမူကို ဆုချီးမြှင့်ကြောင်း ကြေညာခံရတော့မှ သူတို့လည်း တအံ့တဩနှင့် ဖြစ်သွားကြသည်။ ဝမ်းသာဂုဏ်ယူကြောင်းလည်း ပြောကြသည်။ ထိုစဉ်က ဆုကြေညာသည့်အခါ သတင်းစာသုံးစောင်လုံးတွင် ဆုရသူများ၏ ဓာတ်ပုံ၊ ရရှိသောဆုနှင့် စာမူတို့ကို ဖော်ပြထား၍ ဓာတ်ပုံကိုကြည့်ပြီး သိကြခြင်း ဖြစ်သည်။

၁၉၈၅–ခုနှစ်၊ စာပေဗိမာန် စာမူဆုများ ချီးမြှင့်ကြောင်း ကြေညာချက်ကို (၁၇–၁၀–၁၉၈၆) သောကြာနေ့ ည(၈)နာရီ သတင်းအပြီး ကြေညာသည်။ ဆုချီးမြှင့်ပွဲကို (၁–၁၁–၁၉၈၆) စနေနေ့တွင် ရန်ကုန်မြို့ စာပေဗိမာန် စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ဆုကြေညာပြီး တစ်ပတ်ခန့်အကြာတွင် ကျွန်တော့်လက်အတွင်းသို့ စာပေဗိမာန်မှ စာတစ်စောင် ရောက်လာသည်။ ဖွင့်ဖောက်မဖတ်မိသေးမီပင် ကျွန်တော့်ထံသို့ စာပို့ရန် တာဝန်ကျသည့်ဝန်ထမ်းက...

"ဒါဖြင့် ဆရာက ဆရာဦးအေးချို (မဟာဝိဇ္ဇာ) လား"

"သြော်... ကိုယ်က လိမ်ပြောတော့ရော ကိုယ့်မှာ ဘာအကျိုးရှိမှာမို့လဲ"

"မသိလို့ပါ ဆရာရယ်၊ ဒါဆို...ဆရာလိုက်ခဲ့"

ကျွန်တော့်လက်ကိုဆွဲပြီး စာပေဗိမာန် စာတည်းမှူးချုပ်ရုံးခန်း ခေါ်သွားသည်။ စာတည်းမှူးချုပ်မှာ ဆရာဦးမျိုးသန့် (မောင်ဆုရှင်) ဖြစ်သည်။ ခေါ်သွားသူဝန်ထမ်းက ဆရာဦးမျိုးသန့်ကို

"ဆရာ...ဆရာဦးအေးချို (မဟာဝိဇ္ဇာ)ကို တွေ့လို့ တစ်ခါတည်းခေါ်လာခဲ့တယ်" ဟုပြောပြီး ကျွန်တော့်ကို ထားခဲ့ကာ ပြန်ဆင်းသွားသည်။ ဆရာဦးမျိုးသန့်က ကျွန်တော့်

mgyoe.com

mgyoe.com


အား သူ့စားပွဲရှေ့ ထိုင်ခုံတွင် ထိုင်ခိုင်းသည်။ ဆရာ့စားပွဲရှေ့တွင် ထိုင်ခုံသုံးလုံး ရှိသည်။ နှစ်လုံးတွင် ဆရာမကြီးနှစ်ဦး ထိုင်နေသည်။ တစ်ဦးမှာ ဆရာမကြီး ဒေါ်အုန်းကြည်ဖြစ်ပြီး တစ်ဦးမှာ ဆရာမကြီးဒေါ်ကြန်၊ ထိုဆရာမကြီးများကို မြင်ဖူး၊ တွေ့ဖူးနေသဖြင့် မှတ်မိသည်။ ဆရာဦးမျိုးသန့်က ကျွန်တော့်အား...

"ဆရာ...လက်ထဲက စာကိုဖတ်ပြီးပြီလား"

"မဖတ်ရသေးပါဘူး ဆရာ၊ အခုမှရတာ"

"ဒါဖြင့်လည်း ဖောက်ပြီး ဖတ်ကြည့်လိုက်ပါဦး"

စာကို ဖွင့်ဖောက် ဖတ်လိုက်သည်။ စာပါအကြောင်းအရာမှာ ဆုရသူများကိုယ်စား ကျွန်တော်က ကျေးဇူးတင်စကား ပြောကြားပေးရန် မေတ္တာရပ်ခံစာဖြစ်သည်။ ထိုစဉ်က စာပေဗိမာန် စာမူဆုချီးမြှင့်ပွဲနှင့် အမျိုးသားစာပေဆု ချီးမြှင့်ပွဲကို တစ်ပေါင်းတည်း မကျင်းပသေးဘဲ သီးခြားစီ ကျင်းပနေသောကြောင့် စာမူဆုရသူများကိုယ်စား ကျေးဇူးတင်စကား ပြောမည့်သူတစ်ဦး စီစဉ်ကြရခြင်း ဖြစ်သည်။

စာဖတ်ပြီးသည့်အခါ ကျွန်တော်က...

"အခြားသူ တစ်ဦးဦး ရွေးချယ်လျှင် သင့်မည်လား ဆရာ" ဟု ဆွေးနွေးသည်။ ထိုအခါ ဆရာဦးမျိုးသန့်က ဤသို့ ရွေးချယ်ရသည်မှာ မလွယ်ကြောင်း၊ အထက်အဆင့်ဆင့် တင်ပြပြီး ခွင့်ပြုချက်ရပြီးဖြစ်၍ အခြားသူ တစ်ဦးဦး ပြောင်းလျှင် ထပ်မံတင်ပြရဦးမည် ဖြစ်၍ လက်ခံစေလိုကြောင်း လေအေးအေးနှင့် စည်းရုံးနေသည်။

ထိုစဉ် ဆရာမကြီးဒေါ်အုန်းကြည်က...

"ဘာအလုပ် လုပ်သလဲ"

"ကျွန်တော် ရှေ့နေပါ"

ထိုအခါ ဆရာမကြီးဒေါ်ကြန်၏ နှုတ်မှ...

"နှမြောလိုက်တာ" ဟုဆိုသည်။ ဘာကြောင့် ဤမှတ်ချက်ပေးမှန်း မသိ။ နောက်တော့ ဆရာမကြီးနှစ်ဦးကပါ မေတ္တာရပ်ခံချက်ကို လက်ခံလိုက်ရန် ပြောသည်။ ဆရာမကြီးဒေါ်ကြန်က ဆက်၍...

"ကျေးဇူးတင်စကား ပြောတာ၊ တရားရုံးမှာ လျှောက်လဲချက်ပေးသလို ပေးရမှာ မဟုတ်ပါဘူး။ အချေအတင် ပြောစရာလည်း မရှိပါဘူး။ ကိုယ်တိုင် ကြိုတင်ရေးထားတဲ့ ကျေးဇူးတင်စကားကို ဖတ်ပြရုံပါပဲ"

ဟု ဝိုင်းဝန်း တိုက်တွန်းကြသောကြောင့် ကျွန်တော် လက်ခံလိုက်သည်။

mgyoe.com